ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်၊ စနေနေ့၊ (14-5-2011) (၆၇၅၉)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး	☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး	☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော်　　မေ　　၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယသမ္မတများဖြစ်ကြသော သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်တို့ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် စစ်သံမှူး Senior Colonel Xiong Shaowei တို့လည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတရုံးရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၁၄-၅-၂၀၁၁
(စနေနေ့)

အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်

နိုင်ငံတော် ရေရှည်တိုးတက်ဖွံ့ဖြိုးရေးတွင် စက်မှုကဏ္ဍတိုးတက်ရေး အလေးထားကြိုးပမ်းရပေမည်။ ခေတ်မီ စက်မှုနိုင်ငံကြီးထူထောင်နိုင်ရေး အနာဂတ်ရည်မှန်းချက်ထားရှိအကောင်အထည်ဖော်နေပြီ။ စက်မှုနိုင်ငံအဖြစ် ကူးပြောင်းတက်လှမ်းရာတွင် အခြေခံလိုအပ်သည့် လျှပ်စစ်စွမ်းအားများ ဖြည့်ဆည်းပေးနိုင်မည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများလည်း တည်ဆောက်ဖွင့်လှစ်လျက်ရှိသည်။

ယခုအခါ စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပေါ်ထွက်လာစေရန် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို သင့်လျော်သည့်ဒေသများတွင် ထူထောင်စပြုနေပြီ။ စက်ရုံ၊ အလုပ်ရုံ အသစ်များကိုလည်း တိုးချဲ့တည်ဆောက်ဖွင့်လှစ်နိုင်နေပြီ။ အကြီးစားစက်မှုလုပ်ငန်းများနှင့် သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းအချို့၏ ထုတ်လုပ်မှုများ အရှိန်ရစပြုနေသည်ကို တွေ့ရသည်။

စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရာတွင် လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့် အပေ့ါစားစက်မှုလုပ်ငန်းများ၊ စက်မှုပစ္စည်းများ ထုတ်လုပ်သည့် အကြီးစားစက်မှုလုပ်ငန်းများ၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများသည် အရေးပါသည်။ ထို့အတူ ပို့ကုန်တင်ပို့ရန် ရည်ရွယ်သည့် စက်မှုလုပ်ငန်းများ၊ အရင်းအနှီးနှင့် စက်ကိရိယာနည်းနည်း လူ၏လုပ်အားကို အဓိကသုံးသည့် စက်မှုလုပ်ငန်းများ၊ အရင်းအနှီးများပြီး စက်ကိရိယာအများအပြားနှင့် ငွေအားကို အဓိကအသုံးပြုသည့် စက်မှုလုပ်ငန်းများကိုလည်း စနစ်တကျ စီမံဖော်ဆောင်သွားကြရပေမည်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ပိုင်၊ ပုဂ္ဂလိကပိုင်နှင့် သမဝါယမပိုင် စက်မှုလုပ်ငန်းများ ဟန်ချက်ညီညီ ဆောင်ရွက်ကြရပေမည်။ စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့တည်ဆောက်လုပ်ကိုင်လျက်ရှိရာ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကုန်ကြမ်း၊ နည်းပညာ၊ အရင်းအနှီးစသည့် လိုအပ်ချက်များ ဖြည့်ဆည်းကူညီ ပံ့ပိုးပေးရန်လည်း လိုအပ်ပေသည်။

တစ်ချိန်တည်းတွင် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို တွန်းအားပေး ဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်သွားကြရပေမည်။ ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တိုးမြှင့်ထုတ်လုပ်လာနိုင်ရေး အစွမ်းကုန် ကြိုးပမ်းကြရမည်ဖြစ်သည်။

စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်လာနိုင်မှုနှင့်အတူ ကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်လာနိုင်ခြင်းသည် စက်မှုကဏ္ဍဖွံ့ဖြိုးမှုအတွက် ရလဒ်ကောင်းများဖြစ်သည်။ ဈေးကွက်တွင် နိုင်ငံတကာ ထွက်ကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင် ဖြန့်ဖြူးရာ၌ အရည်အသွေးမီ၊ စံချိန်စံညွှန်းမီ ထုတ်လုပ်နိုင်ရေးကိုလည်း အလေးထားကြရပေမည်။ စက်ရုံတိုင်းက ဈေးကွက်ဝင်ဝယ်လိုအားရှိသည့် ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး အစဉ်တစိုက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

မြင်းခြံမြို့ နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် မေ ၁၃

မြင်းခြံမြို့နယ်အသင်း နှစ်ပတ်လည်မဂ္ဂဇင်း အမှတ် (၃) (၂၀၁၁) ကို ထုတ်ဝေမည်ဖြစ်ရာ အနယ်နယ် အရပ်ရပ်မှ မြင်းခြံနယ်သားများနှင့် စာပေပညာရှင်များအား ဖိတ်ခေါ်ထားကြောင်းသိရသည်။ စာမူများကို ဦးမောင်မောင်(ဒုတိယဥက္ကဋ္ဌ) အမှတ် (၁၅၀) သိမ်ဖြူလမ်း (၉) ရပ်ကွက် ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၆၂၆၈ သို့ လိပ်မူ၍ ဇူလိုင် ၃၁ ရက် နောက်ဆုံးထား ပေးပို့နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဦးစိန်ဝင်း ဖုန်း ၀၁-၅၇၀၄၉၂၊ ဒုတိယဗိုလ်မှူးကြီးကျော်ရင်(ငြိမ်း) ဖုန်း-၀၁-၆၁၁၁၀၂ နှင့် ဦးထိန်လင်း ဖုန်း-၀၁-၉၆၉၉၇၉၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို မေ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းရွှေ မြို့နယ်ကော်မရှင်အဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

(၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား သံအမတ်ကြီးများ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chu Cong Phung သည် မေ ၁၂ ရက် နံနက် ၉ နာရီတွင် လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Robert Chua Hian Kong သည် နံနက် ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံကြရာတွင် ဗီယက်နမ်နှင့်မြန်မာ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန်၊ လေကြောင်းပို့ဆောင်ရေး အခန်းကဏ္ဍအား အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် လေကြောင်းပို့ဆောင်ရေးကဏ္ဍ နှစ်ဦးသဘောတူ နားလည်မှုစာချွန်လွှာ ရေးထိုးနိုင်ရေးနှင့် နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သားငါးကဏ္ဍဆိုင်ရာ ရည်မှန်းချက်နှင့် ပြည်တွင်းစားသုံးမှုဖူလုံရေး ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဆွေးနွေးမှာကြား

ရန်ကုန် မေ ၁၃

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများအား တွေ့ဆုံ၍ နိုင်ငံတော်၏ သား၊ ငါးကဏ္ဍဆိုင်ရာ ရည်မှန်းချက်နှင့် ပြည်တွင်းစားသုံးမှု ဖူလုံကြွယ်ဝရေး အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး သီရိအဏ္ဏဝါခန်းမဆောင်၌ကျင်းပသည့် (၁၅/၂၀၁၁) ကြိမ်မြောက် သား၊ငါး ကဏ္ဍဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၁၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ဆားမလောက်ကျေးရွာရှိ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမဆောင်၌ မအူပင်ခရိုင်အတွင်းရှိ ငါးမွေးမြူသူများနှင့် မွေးမြူရေးကုမ္ပဏီအဖွဲ့အစည်းများမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ဆားမလောက်ကျေးရွာနှင့် သဇင်ရေကျော် ကျေးရွာများရှိ ငါးမွေးမြူရေးကန်များကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရွှေဇင်ယော်ဟိန်း ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်၏ ငါးတင်/ငါးချ ဆိပ်ခံတံတား၌ ကမ်းဝေးငါးဖမ်းစက်လှေများ၏ ငါးတင်/ငါးချဆောင်ရွက်နေမှု၊ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှု၊ ပင်လယ်ငါးဖမ်းစက်လှေများ လုပ်ငန်းခွင်ပြန်လည်ထွက်ခွာရန် ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ဆားမလောက်ကျေးရွာရှိ ငါးမွေးမြူရေးကန်များ၏ငါးမြစ်ချင်းမျိုးသစ်ငါးသားပေါက်များကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဂုဏ်ပြုအလှူငွေပေးအပ်

ရန်ကုန် မေ ၁၃

မေ ၁၂ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလှူငွေ ပေးအပ်ပွဲကို မေ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှုဇုန်(၁)လမ်းရှိ သူနာပြုအေးရိပ်ငြိမ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေဂုံတိုင်အထူးကုဆေးခန်း (SSC) အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာဒေါ်ဌေးဌေးကြည်နှင့် အဖွဲ့ဝင်များက သူနာပြုအေးရိပ်ငြိမ်အတွက် အလှူငွေကျပ် ၁၆၇၂၀၀၀ကို ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှနှင့် အဖွဲ့ဝင်များက လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ICT Development & Application (1/2011) ဖွင့်

ရန်ကုန် မေ ၁၃

အမှတ် (၃) အခြေခံပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး၏ ICT Development & Application (1/2011) သင်တန်းကို မေ ၂ ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန ကွန်ပျူတာခန်းမ၌ ကျင်းပသည်။ သင်တန်းတွင် အမှတ် (၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းကို SoftGuide Co., LTD. နှင့် အမှတ် (၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ပြီး သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ဆရာ၊ ဆရာမ ၉၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ ၇ ရက်အထိ ကြာမြင့်ခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်၌ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော်　　မေ　　၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကာ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ပရိဝုဏ်အရှေ့ရပ် ဆင်ဖြူတော်ဆောင်ရှိ ရတနာဆင်ဖြူတော်များအားလည်းကောင်း၊ စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများအား လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌ General Xu Caihou ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

နေပြည်တော်　　မေ　　၁၃

မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်(ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်) မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းအား ယနေ့ နံနက် ၆ နာရီ ၁၅ မိနစ်တွင် ပဲခူးမြို့ရှိ ဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ထို့နောက် နံနက်ပိုင်းတွင် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့သည် မြန်မာနိုင်ငံရှိ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များနှင့် လည်းကောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ရုံးအဆောက်အအုံ၌ တွေ့ဆုံခဲ့သည်။

ပို့ဆောင်နှုတ်ဆက်

မစ္စတာဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်လည်မထွက်ခွာမီ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် သတင်းထောက်များ၊ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များနှင့် လေဆိပ်ဧည့်ခန်းမ၌ တွေ့ဆုံခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရန်ပုံငွေပွဲအတွက် 12 Ladies Live Show ဖျော်ဖြေကပြရန် စီစဉ်

ရန်ကုန်　　မေ　　၁၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းကြီး (MANA) သည် "မူးယစ်ကင်းစင်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း" ဖြစ်ပေါ်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကို အထောက်အကူပြု ဆောင်ရွက်လျက်ရှိရာတွင် မူးယစ်ဆေးဝါး သုံးစွဲမှု လျှော့ချရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာမည့် ခုခံအားကျဆင်းမှု HIV/AIDS အန္တရာယ်လျှော့ချရေးတို့ကို အဓိကအလေးထား၍ မြန်မာပြည်အနှံ့ရှိ အဆင့်ဆင့်သော MANA အသင်းများက ပြည်သူလူထုအတွင်း အသိပညာပေး ပံ့ပိုးကူညီလျက်ရှိသည်။

ထိုသို့ ကျန်းမာရေးအသိပညာပေးဆောင်ရွက်ရန်နှင့် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန်(ဒုတိယ/တတိယပတ်)အတွင်း သက်ကြီးတန်းနှင့် သက်လတ်တန်းတို့အတွက် မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရန်နှင့် သက်ငယ်တန်းအတွက် မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ပတ်သက်သော ကဗျာရွတ်ဆိုပြိုင်ပွဲကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ပွဲများအတွက် ရန်ပုံငွေပွဲအဖြစ် Pa Zun Media & Entertainment နှင့် ပူးပေါင်း၍ Cherry Oo မှ Main Sponsor အဖြစ် 12 Ladies Live Show ကို 5 Star ဟာသအဖွဲ့နှင့်အတူ မေ ၁၆ ရက် ညတွင် အမျိုးသားဇာတ်ရုံ(ရန်ကုန်)မြို့၌ အများပြည်သူအား တင်ဆက်ကပြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကလေးမြို့အား မြို့အင်္ဂါရပ်နှင့်အညီ သာယာလှပစေရေးအတွက် အဖွဲ့ပိုင်ပန်းခြံအတွင်း မြေယာရှုခင်းပုံဖော်အလှဆင်နေမှုကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆင်ဆာမဲ့ အခွေငှားသူ သယ်န်းကျွန်း၌ အရေးယူ

ရန်ကုန်　　မေ　　၁၃

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးတင်ငြိမ်း၊သုဝဏ္ဏရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် လှမင်းအောင်၊ တိုင်းဒေသကြီး/မြို့နယ် ဗီဒီယို အခြေခံအဖွဲ့ဝင်များ ပူးပေါင်းပါဝင်သော စစ်ဆေးရေးအဖွဲ့သည် မေ ၁၁ ရက်က နှင်းဆီကုန်း (က)ရပ်ကွက် အမှတ်(၅၆) နှင်းဆီကုန်းလမ်း၌ ဖွင့်လှစ်ထားသော peace VCD/DVD အခွေငှားဆိုင်တွင် တရားမဝင် မြန်မာဇာတ်လမ်း DVD အခွေများ ငှားရမ်းလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် ရှောင်တခင် ဝင်ရောက်စစ်ဆေးကြရာ ၎င်းဆိုင်တွင် တရားမဝင် ဆင်ဆာမဲ့ မြန်မာဇာတ်လမ်း DVD အခွေများ ငှားရမ်းနေကြောင်းတွေ့ရှိသဖြင့် အခွေငှားဆိုင်ပိုင်ရှင်ဖြစ်သူ ဗိုလ်ဗိုလ်ဝင်း (၃၇)နှစ်(ဘ)ဦးလှဝင်းအား သုဝဏ္ဏရဲစခန်းမှ (ပ)၁၁၆/၂၀၁၁၊ ဗီဒီယို ဥပဒေပုဒ်မ-၃၂/ခ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (၅၀၆)

ဖြူးမြို့၌ ယာဉ်တိုက်မှုဖြစ်

ဖြူး　　မေ　　၁၃

ရွှေ့မှုကုန်တင်ကားကို ကျော်တက်စဉ် ကားနှင့်ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိမှုဖြစ်စဉ်တစ်ခု ဖြူးမြို့ တာကြားရပ်၌ ဧပြီ ၂၉ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၂၉ ရက် ညနေ ၅ နာရီက ဖြူးရဲစခန်း တောင်ဘက် တစ်မိုင်ခန့် ရန်ကုန်-မန္တလေး ပုံမှန်လမ်း၌ မြောက်ဘက်မှ တောင်ဘက်သို့ ယာဉ်မောင်း ဆူနီဒတ်နှင့် နောက်မှ လူနှစ်ဦးတင်ဆောင်မောင်းနှင်လာသော လော်ဂျားနက်ပြာရောင် ဆိုင်ကယ်သည် ရွှေ့မှုမောင်းနှင်လာသော ကုန်တင်ကားအား ကျော်တက်စဉ် မျက်နှာချင်းဆိုင် တောင်မှမြောက်သို့ ဟိန်းဇာနည်ဝင်း မောင်းနှင်လာသည့် ယာဉ်အမှတ် ၈ဂ/----- ဂျစ်ကားနှင့် ဝင်တိုက်မိသဖြင့် ဆိုင်ကယ်တိမ်းမှောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(၁၄၀)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄-၅-၂၀၁၁ (စနေနေ့)

AM & PM

- ၅း၀၅ ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ပေါင်းတာမှန်မှကောင်းတာရ" တရားတော်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၆၁)**
- ၈း၄၅ အလိုတော်ပြည့်၍ ဘေးကင်းရန်ကွာ လာဘ်မိုးစွေရွာ
- ၉း၀၅ ပေးဆပ်သူများအတွက်. . . ကန္တာရဝသ
- ၉း၂၀ "ကြယ်စင်အလင်းဝေဖြာ နေပြည်တော်စိုးစံမှာ. . ."
- ၉း၃၅ Global Panorama
- ၁၀း၀၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၃၀ သွားမယ်စားမယ်
- ၁၁း၀၀ "ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
- ၁၁း၂၅ MNL Preview
- ၁၂း၀၀ ဒစ်ဂျစ်တယ်အလှကမ္ဘာ
- ၁၂း၁၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၂၀ ထူးခြားဆန်းသစ် INAX Title နှင့် အသက်ရှုကျောက်ပြား Eco Corat
- ၁၂း၃၅ ဗုဒ္ဓနှစ် ၂၆၀၀ ပြည့်အထိမ်းအမှတ် ကြိုဆိုပွဲ
- ၁း၀၀ "ပေါင်းတာမှန်မှကောင်းတာရ" တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Goals of The Week
- ၂း၅၀ Activities In The City
- ၃း၀၅ BIFF & BIL 2011 ASEAN SHOW
- ၃း၄၀ ရန်ကုန်မြင်ကွင်းကျယ်
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၆၁)**
- ၄း၅၅ Movie Talk
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Activities In The City
- ၆း၃၀ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်ဝိသိဋ္ဌဉာဏ၏ဝိဇာတမွေးနေ့ မင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာ အခမ်းအနား
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄)**
- ၇း၂၅ ဖက်ရှင်လမ်းညွှန်
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ FA Cup (Man City Vs Stoke City)
- ၁၀း၃၀ Kid's Show
- ၁၁း၀၀ **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်"(အပိုင်း-၆၂)**
- ၁၁း၅၀ ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု
- ၁၂း၂၀ သူတို့ပြောတဲ့သူတို့အကြောင်း
- ၁၂း၅၀ ဇီးအိုရှာနှင့်သဘာဝ အင်ကြင်းတော
- ၁း၀၀ World of Knowledge
- ၁း၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၂း၀၅ နွယ်ဉ်ဆန်းထွင်ပန်းအလှဆင်
- ၂း၂၅ ကြိုတင်အားဖြည့် ကွန်ကရစ်ဇလီဖားစက်ရုံ (ဥသျှစ်ပင်)
- ၂း၄၀ အများမြင်စရာနှစ်ပါးသဘင်မဟာ
- ၃း၂၅ ကိုယ်ပိုင်ဟန်ဖက်ရှင်
- ၃း၄၀ စွဲမက်ဖွယ်ရာရတနာ
- ၄း၁၀ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
- ၄း၂၀ ပြည်နယ်ဂုဏ်ဆောင်ငွေတောင်ဆည်
- ၄း၃၀ သာယာစိုပြည်ကြံခင်းမြေ
- ၄း၄၀ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့်လည်းကောင်း၊ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်လည်းကောင်း ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၁၀	Blackburn - Man U	ESPN (Live)
	Sunderland - Wolverhampton	STAR SPORTS(Live)
၈း၄၅	West Bromwich - Everton	ESPN (SDD)
၁၁း၀၀	Blackpool - Bolton	STAR SPORTS (SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Man City - Stoke City	STAR SPORTS(Live)

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှု၏ သုံးပုံတစ်ပုံ နှစ်စဉ် အဟောသိကံဖြစ်ရ

ရောမ မေ ၁၃

ကမ္ဘာ့လူသားများအတွက် စိုက်ပျိုးထုတ်လုပ်သော စားနပ်ရိက္ခာပမာဏ၏ သုံးပုံတစ်ပုံ(တန်ချိန် ၁ ဒသမ ၄၃ ဘီလီယံ) သည် နှစ်စဉ်နှစ်တိုင်း အဟောသိကံဆုံးရှုံးနေရကြောင်း ရောမမြို့အခြေစိုက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က မေ ၁၂ ရက်တွင် ပြောကြားသည်။

အက်ဖ်အေအိုကတာဝန်ခံသော ဆွီဒင်နိုင်ငံ အခြေစိုက် စားနပ်ရိက္ခာနှင့် ဇီဝနည်းပညာသုတေသနဌာနတစ်ခု၏ လေ့လာချက်အရ စားနပ်ရိက္ခာများအား နှစ်စဉ် အကျိုးမဲ့ဖြုန်းတီးမှုပမာဏသည် ပြီးခဲ့သည့်နှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ထုတ်လုပ်နိုင်ခဲ့သည့် နှံစားသီးနှံပမာဏ(တန်ချိန် ၂ ဒသမ ၅၃ ဘီလီယံ)၏ ထက်ဝက်ကျော်နှင့် ညီမျှသည်ဟုဆိုသည်။

သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်ဥသစ်မြစ်များသည် အလေအလွင့်အဖြစ်ဆုံး စားနပ်ရိက္ခာများဖြစ်ကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။

ချမ်းသာသောနိုင်ငံများမှ စားသုံးသူများသည် နှစ်စဉ်နှစ်တိုင်း စားနပ်ရိက္ခာ တန်ချိန် ၂၉၄ သန်းကို အချည်းနှီး ဖြုန်းတီးခဲ့ကြသည်။ ယင်းပမာဏသည် အာဖရိကတိုက် ဆာဟာရဒေသပိုင်း နိုင်ငံများ၏ နှစ်စဉ်စားနပ်ရိက္ခာ စုစုပေါင်းထုတ်လုပ်မှုနီးပါးမျှ ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စားနပ်ရိက္ခာအလေအလွင့်ဖြစ်မှုသည် စားနပ်ရိက္ခာ စိုက်ပျိုးရိတ်သိမ်းမှုနှင့် ပြုပြင်ထုတ်လုပ်မှုများတွင် အများဆုံးဖြစ်ပေါ်လေ့ရှိပြီး နည်းပညာနိမ့်ပါးမှုနှင့် စားနပ်ရိက္ခာထုတ်လုပ်မှုစနစ်များ၌ ရင်းနှီးမြှုပ်နှံမှု နည်းပါးမှုကို အကြောင်းခံကြောင်း လေ့လာချက်တွင် ဖော်ပြသည်။

ဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝသောနိုင်ငံများ၌ လူတစ်ဦးချင်းအတွက် စားနပ်ရိက္ခာထုတ်လုပ်မှုသည် တစ်နှစ်လျှင် ကီလို ၉၀၀ ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ လူတစ်ဦးချင်း စားနပ်ရိက္ခာသုံးစွဲမှု၏ နှစ်ဆရှိသည်။

ရေ၊ မြေ၊ စွမ်းအင်၊ လုပ်အားနှင့် အရင်းအနှီးစသော အဖိုးတန်အရင်းအမြစ်များကို အကျိုးမဲ့ဖြုန်းတီးမှုကြောင့်လည်း စားနပ်ရိက္ခာလေလွင့်မှုဖြစ်ရကြောင်း လေ့လာချက်တွင် ဖော်ပြထားသည်။ **အင်တာနက်။**

အင်ဒိုနီးရှား၌ တောမီးလောင်ကျွမ်းမှု မလေးရှားဒေသအချို့၌ မီးခိုးမြူလွှမ်းခြုံ

ကွာလာလမ်ပူ မေ ၁၃

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးလောင်ကျွမ်းမှုကြောင့် မလေးရှားဒေသအချို့၌ မီးခိုးမြူလွှမ်းခြုံလျက်ရှိကြောင်း ဂျကာတာဂလုပ်သတင်းစာက မေ ၁၃ရက်တွင် ရေးသားဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်းရှိ ရီအောပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကြောင့် မလေးရှားနိုင်ငံ ပေါ့ကလန်မြို့၌ လေထုညစ်ညမ်းမှုဖြစ်ပေါ်ရကြောင်း၊ မလေးရှားနိုင်ငံရှိ အကြီးဆုံးသော ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည့် ပေါ့ကလန်မြို့၌ လေထုညစ်ညမ်းမှုအညွှန်းကိန်း၌ အဆင့် ၁၀၄ သို့ ရောက်ရှိနေကြောင်း၊ လေထုညစ်ညမ်းမှု အညွှန်းကိန်း ၁၀၁ မှ ၂၀၀ အထိ ရောက်ရှိပါက အများပြည်သူအတွက် ကျန်းမာရေးဘေးအန္တရာယ်ရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း၌ တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပြီး မိုးရွာသွန်းမှုမရှိခြင်းကြောင့် အိမ်နီးချင်းနိုင်ငံ၌ လေထုအရည်အသွေးကျဆင်းရကြောင်း မလေးရှားသဘာဝ အရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဆီအုန်းစိုက်ခင်းများထူထောင်သူများက တောများကို မီးရှို့ကာ မြေယာရှင်းလင်းမှုကို တရားမဝင်လုပ်ဆောင်မှုကြောင့် တောမီးလောင်ကျွမ်းရကြောင်း ဂျကာတာဂလုပ်သတင်းစာက ရေးသားဖော်ပြသည်။ **အင်တာနက်။**

ကြိုတင်သတိပေးစနစ်များက ဂျပန်ငလျင်၏ အပျက်စွမ်းအားပမာဏကို လျှော့ချနိုင်ခဲ့

တိုကျို မေ ၁၃

မြေငလျင်လှုပ်ခတ်မှုကို တင်ကူးခန့်မှန်း၍ မရနိုင်ဟုဆိုကြသော်လည်း မတ် ၁၁ ရက် ငလျင်ကြီးမလှုပ်ခတ်မီ မြေပြင်လှုပ်ရှားမှုများကို ထောက်လှမ်းသိရှိနိုင်ခဲ့သောကြောင့် အသေအပျောက်ပမာဏကို များစွာလျှော့ချနိုင်ခဲ့ကြောင်း ဂျပန်ကျွမ်းကျင်သူများက မေ ၁၂ ရက်တွင် ပြောကြားသည်။

တိုကျိုမြို့တော် အပါအဝင် ဂျပန်နိုင်ငံ ဒေသအတော်များများ၌ နေထိုင်ကြသော ဂျပန်နိုင်ငံသား သန်းပေါင်းများစွာတို့သည် အင်အားပြင်းငလျင်များ ရိုက်ခတ်မှုဘေးကို အချိန်မရွေးရင်ဆိုင်ရနိုင်သည့် အခြေအနေတွင် ရှိသည်။

သို့ရာတွင် လွန်ခဲ့သော ဆယ်စုနှစ် အနည်းငယ်မှစ၍ ကမ္ဘာပေါ်၌ နည်းပညာအရ အဆင့်အမြင့်ဆုံး မြေငလျင်ဘေးအန္တရာယ်ကြိုတင်သတိပေးစနစ်များ တည်ဆောက်မှုတွင် ဂျပန်နိုင်ငံက အကြီးအကျယ် ရင်းနှီးမြှုပ်နှံခဲ့သည်။

အဖျက်စွမ်းအား အလွန်ကြီးမားခဲ့သော မတ် ၁၁ ရက် မြေငလျင်နှင့် ဆူနာမီရေလှိုင်းများသည် ကြိုတင်ပြင်ဆင်မှု မပြုလုပ်နိုင်ခဲ့ပါက ယခုထက်ပို၍ အပျက်အစီးနှင့် အသေအပျောက် ပိုမိုများပြားလိမ့်မည်ဖြစ်ကြောင်း ဂျပန်ကျွမ်းကျင်သူများက ပြောကြားသည်။

ပီ-လှိုင်း ခေါ် မြေငလျင်တစ်ရပ်လှုပ်ရှားပါက ပထမဆုံးဖြစ်ပေါ်လာမည့် တုန်ခါလှိုင်းကို ထောက်လှမ်းနိုင်စွမ်းရှိသည့် အဆင့်မြင့် နည်းပညာသုံး ကေဘယ်လ်ကြိုးကွန်ရက်တစ်ခုကို ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၅၀၀ သုံးစွဲ၍ တည်ဆောက်ခဲ့သည်။

မြေငလျင်ရွေ့ပြောင်းလှိုင်းများသည် တုန်ခါမှုပမာဏ ကြီးမားလှခြင်းမရှိဘဲ အဖျက်စွမ်းအားကြီးမားသော မြေငလျင်လှိုင်းများထက် အလွန်လျင်မြန်စွာ ရွေ့ကြို သွားလာနိုင်ကြောင်း ကျွမ်းကျင်သူတို့က ပြောကြားသည်။ **အင်တာနက်။**

မစ္စစ္စပီမြစ် ရေတိုးမှုကြောင့် နေအိမ်နှင့်လယ်ယာများ နစ်မြုပ်

မစ္စစ္စပီမြစ် ရေမြင့်တက်မှုကြောင့် မစ္စစ္စပီပြည်နယ် ယာဇူးမြို့၌ ရေလွှမ်းမိုးမှုဖြစ်ပွားနေသည်ကို တွေ့ရစဉ်။

ဝါရှင်တန် မေ ၁၃

အမေရိကန်နိုင်ငံ တင်နက်စီပြည်နယ်၊ အာကင်ဆောပြည်နယ်၊ လူဝီစီယားနားပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်တို့၌ မြစ်ရေကြီးနေကြောင်း၊ မစ္စစ္စပီပြည်နယ်တစ်လျှောက်ရှိ နေအိမ်များနှင့် လယ်ယာများမှာ ရေနစ်မြုပ်ခံရကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ရေလွှမ်းမိုးနိုင်သော ဇုန်နယ်မြေအတွင်း နေထိုင်သူများသည် ရေဘေးလွတ်ရာသို့ ရွှေ့ပြောင်းထွက်ခွာနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားကြရန် လူဝီစီယားနားပြည်နယ် အုပ်ချုပ်ရေးမှူး ဘော်ဘီဂျင်ဒါးက နှိုးဆော်ထားသည်။

ဆင့်ခေါ်ထားမှု

ဘန်တန်ရိုမြို့နှင့် နယူးယောက်မြို့တို့ကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရေးအတွက် လိုအပ်ပါက ရေထိန်းတံခါးများကို ဖွင့်ပေးနိုင်ရန် ကြည်းတပ်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များကို ဆင့်ခေါ်ထားကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်ကြည်းတပ်အင်ဂျင်နီယာများသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကင်တပ်ကီနှင့် အီလီနွိုက်စ်ပြည်နယ်တို့ရှိ နေအိမ်များကို ကာကွယ်ပေးနိုင်ရန် မစ်ဇူရီပြည်နယ်ရှိ ရေတာနံရံတစ်ခုကို ဖြိုဖျက်ပေးခဲ့ရသည်။ **အင်တာနက်။**

လူသားစားရန်ကြံစည်သူကို ဆလိုဗေးကီးယားရဲတပ်ဖွဲ့ ပစ်ခတ်ဖမ်းဆီး

ဘရက်တီဆလာဗာ မေ ၁၃

လူသားစားမှု ကျူးလွန်ရန် ကြံစည်နေသူတစ်ဦးသည် ရဲတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရခဲ့ကာ ဖမ်းဆီးခံခဲ့ရကြောင်း ဆလိုဗေးကီးယား ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက မေ ၁၁ ရက်တွင် ပြောကြားသည်။

ဆလိုဗေးကီးယားရဲတပ်ဖွဲ့နှင့် လူသားစားမှုကျူးလွန်ရန် ကြံစည်သူအဖြစ် ယူဆရသူတို့အကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်စဉ်၌ ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

လူသားစားမှုကျူးလွန်ရန် ကြံစည်သူအဖြစ် ယူဆရသော အမျိုးသားသည် အသက်(၄၃)နှစ်အရွယ်ရှိသူဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်လိုသူများအား အင်တာနက်မှတစ်ဆင့် ရှာဖွေဆက်သွယ်ကာ ကျန်ရစ်မည့်ရုပ်အလောင်းကို ဟင်းလျာအဖြစ် စားသောက်နိုင်ရေးအတွက် သဘောတူညီချက်ရယူရန် ကြိုးပမ်းနေကြောင်း ဆလိုဗေးကီးယားရဲတပ်ဖွဲ့က ပြောကြားသည်။

ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံလိုသူ ဆွစ်ဇာလန်နိုင်ငံသား တစ်ဦးသည် ၎င်းအမျိုးသားနှင့် ဆက်သွယ်သဘောတူညီချက်များ ရယူခဲ့ပြီးနောက် စိတ်ပြောင်းကာ အာဏာပိုင်များကို သတင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်တာနက်။

တာလီဘန်များဟု ယူဆရသူများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်၌ လူ ၈၀ သေဆုံး

အစ္စလာမ္မာဘတ် မေ ၁၃

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း စစ်ဘက်ဆိုင်ရာ လေ့ကျင့်ရေးစခန်းတစ်ခု၌ တာလီဘန်စစ်သွေးကြွအဖွဲ့ဝင်များအဖြစ် ယူဆရသူ အသေခံဗုံးခွဲသမားနှစ်ဦးက သောကြာနေ့တွင် ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၈၀ သေဆုံးခဲ့ကြောင်း သတင်းများတွင်ဖော်ပြသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုများသည် မေ ၂ရက်က သေဆုံးခဲ့ရသော အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင်အတွက် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း ပါကစ္စတန်တာလီဘန်အဖွဲ့က ပြောကြားသည်ဟု သတင်းဌာနများက ဖော်ပြသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း ချာဆာဒါးခရိုင် ရှက်ဘ်ကာဒါး စစ်ဘက်ဆိုင်ရာလေ့ကျင့်ရေးစခန်း ဂိတ်ဝ၌ ဖြစ်ပွားသော အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုများကြောင့် ၁၄၀ ခန့်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ကိုးလကြာ လေ့ကျင့်မှုပြီးဆုံးပြီးနောက် သင်တန်းသားများ ကျောင်းဆင်းအခမ်းအနားကျင်းပစဉ် ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ချာဆာဒါးခရိုင်သည် ပက်ရှ်ဝါပြည်နယ် ပက်ရှ်ဝါမြို့တော်၏ အရှေ့မြောက်ဘက် မိုင် ၂၀ခန့်အကွာ၌ တည်ရှိသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ချာဆာဒါးခရိုင် စစ်ဘက်ဆိုင်ရာလေ့ကျင့်ရေး ကျောင်းရှေ့၌ ပါကစ္စတန် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို မေ ၁၃ ရက်က တွေ့ရစဉ်။

ပါကစ္စတန်နိုင်ငံ အက်ဘ်ဘော့တာဘက်တပ်မြို့၌ အမေရိကန်အထူးတပ်ဖွဲ့ဝင်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါအကြမ်းဖက်ကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင် သေဆုံးခဲ့ပြီးနောက် ၎င်းအတွက် လက်စားချေရန် စစ်သွေးကြွများက ကြုံးဝါးခဲ့ကြသည်။ **အင်တာနက်။**

ကြံသီးနှံ စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်း၏ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ကြံလုပ်ငန်း အမှတ်(၂) သကြားစက်ရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ဆန်စပါးနှင့် ဝါသီးနှံပြီးလျှင် ပြည်သူများ နေ့စဉ်စားသုံးနေသည့် သကြား အလုံအလောက် ထွက်ရှိနိုင်ရေးအတွက် သကြားစက်လုပ်ငန်းများနှင့် ကြံသီးနှံ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကဏ္ဍတွင် ပါဝင်နေကြောင်း၊ သကြားစက်ရုံများ အတွက် အခြေခံကုန်ကြမ်းများ အလုံအလောက်ရရှိရေးမှာ ကြံစိုက်တောင်သူများ၏ တွက်ခြေကိုက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့် ကြံသီးနှံများ၏ အရည်အသွေး ကောင်းမွန်ရေးသည် အဓိကကျကြောင်း၊ ကြံစိုက်ပျိုးသူ တောင်သူများ၏ စိုက်ပျိုးထုတ်ကုန်များ တိုးတက်ရေး အဓိကသော့ချက် (၅)ချက် ဖြစ်သည့် အထွက်ကောင်း မျိုးကောင်း မျိုးသန့်များ အသုံးပြုရန်၊ ခေတ်မီ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်၊ သွင်းအားစု၊ စိုက်ပျိုးရေ အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာများကို အချိန်ကိုက်၊ အချိုးကျ အသုံးပြုရန်၊ မျိုးစေ့၊ သွင်းအားစုအပါအဝင် အပင် စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်ဆုံးရှုံးမှုနည်းအောင် ဆောင်ရွက်ရန်နှင့် ထွက်ရှိလာသည့် သီးနှံများအပေါ် တွက်ခြေကိုက်ပြီး ဈေးကွက်ခိုင်မာအောင် ဆောင်ရွက်ပေးကြရန်တို့ကို လက်တွေ့ကျကျ ကြိုးပမ်းဖော်ဆောင်ပေးကြရန် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ကြံတောင်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာရေးအတွက် စိတ်ရင်းစေတနာဖြင့် လက်တွေ့ဆောင်ရွက်ပေးကြရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် မြန်မာ့စက်မှုသီးနှံ ဖွံ့ဖြိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ကြံသီးနှံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွဋ်နှင့် အထွေထွေမန်နေဂျာ ဦးဇော်ထွန်းမြင့်တို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားပြီး ပထမနေ့ အခမ်းအနားကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် အမှတ်(၂) သကြားစက်ရုံအတွင်း စက်များကြံခိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် မျိုးသန့်ကြံစိုက်ခင်းကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နေပြည်တော်ခရိုင် ကျီအင်းကျေးရွာအနီးရှိ တစ်ဧက ပျမ်းမျှတန် ၅၀ အထက် ထွက်ရှိနိုင်မည့် မျိုးသန့် မျိုးပွား ၁၀ ဧက တစ်ဆက်တစ်စပ်တည်း စိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အင်္ဂဇေယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၅ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၂၅ ၉။ အကပြိုင်ပွဲ
- ၈း၃၀ ၁၀။ International News
- ၈း၃၅ ၁၁။ "တော်ပါပေတယ်ဘွားဘွားရယ်"
- ၈း၄၅ ၁၂။ Local Talent
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၂၀ ၅။ Yan Can Cook
- ၂း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၁)**
- ၂း၄၅ ၇။ "အိုးပိုင်အိမ်ပိုင်"
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ AFC President's Cup (2011) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် [FC Istiklol (TJK) အသင်းနှင့် Jabal AL Mukaber Club (PAL) အသင်း]
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၀ ၃။ International Science News
- ၅း၂၀ ၄။ "အဖိုးထိုက်အသုံးဝင်မြန်မာ့ဆင်"
- ၅း၃၀ ၅။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၉။ ယဉ်တစ်ကိုယ်မယ် (အေးဝတ်ရည်သောင်း)
- ၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၀)**
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၁၃)**
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၅)**
- ၁၆။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၇။ အစီအစဉ်ပြီး၏။

ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ ညီလာခံတက်ရောက်ရန် တူရကီနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ စတုတ္ထအကြိမ်မြောက် ကုလသမဂ္ဂညီလာခံ (4th UN Conference on the Least Developed Countries) နှင့် ပြပွဲသို့ တက်ရောက်ရန် မေ ၈ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၀၀၀	၀. ၃၃၁၁၂၆
တရုတ် (ယွမ်)	၆. ၄၉၉၀၀	၀. ၁၅၃၈၇၀
မလေးရှား (ရင်းဂစ်)	၃. ၀၀၂၀၀	၀. ၃၃၃၁၁၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၀၁၇	၀. ၈၀၆၃၃၉
ဂျပန် (ယန်း)	၈၀. ၆၅၅၄	၀. ၀၁၂၃၉၈၄
တောင်ကိုရီးယား(ဝမ်)	၁၀၈၆. ၄၅	၀. ၀၀၀၉၂၁၄
အိန္ဒိယ (ရူပီး)	၄၄. ၈၂၅၀	၀. ၀၂၂၃၀၉၀
ယူရို	၀. ၇၀၀၅၆၇	၁. ၄၂၇၄၂
ဗြိတိသျှ (ပေါင်)	၀. ၆၁၄၇၆၀	၁. ၆၂၆၆၅

အင်တာနက်။

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဂရန်အင်းများ လေလံတင်ရောင်းချ

ပဲခူး မေ ၁၃

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ပထမအကြိမ် ဂရန်အင်းများ လေလံတင်ရောင်းချခြင်းနှင့် တင်ဒါများ ရောင်းချခြင်းအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရုံး၌ မေ ၁၂ ရက်က ကျင်းပရာ**(ဓါတ်ပုံ)** ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးတို့က အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ (တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီး)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

ခွာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စွတ်စိုသောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၁။ ခွာနာလျှာနာရောဂါ

- ✻ ခွာနာလျှာနာဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပါသည်။
- ✻ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် စသည့် ခွာကွဲသတ္တဝါများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ✻ ရောဂါကူးစက်မှုမြန်ပြီး တိရစ္ဆာန်ငယ်များ သေဆုံးခြင်းဖြစ်စေပါသည်။
- ✻ ရောဂါကျရောက်ဖြစ်ပွားပါက ခိုင်းကျွဲ/ နွားများ လုပ်ငန်းခွင် မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ သားမအောင်ခြင်း၊ မြုံခြင်းနှင့် နို့ထွက်နှုန်းလျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

၂။ ရောဂါလက္ခဏာများ

- ✻ ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲ ငေးမှိုင်နေခြင်း။
- ✻ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- ✻ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်လာပြီး ၎င်းမှပေါက်ပြဲ၍ အနာများဖြစ်လာကာ အစာမစားနိုင်ခြင်း။
- ✻ ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ကာ ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

၃။ ရောဂါကူးစက်ပျံ့နှံ့ခြင်း

- ✻ ဗိုင်းရပ်စ်ပိုးသည် ရောဂါဖြစ်တိရစ္ဆာန်၏ အနာဖေး၊ အနာသားနံရည်၊ သွားရည်၊ နှာရည်၊ ဆီး၊ ဝမ်း၊ နို့၊ သုက်ရည်၊ ကိုယ်တွင်းအင်္ဂါများ စသည်တို့တွင် ပါရှိတတ်သည်။
- ✻ ရောဂါဖြစ်တိရစ္ဆာန်နှင့် ထိတွေ့ခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်မှထွက်သည့် ရောဂါပိုးပါသောပစ္စည်းများနှင့် ရောဂါဖြစ်ခြံရှိ အသုံးအဆောင်ပစ္စည်း၊ အလုပ်သမား၊ အဝတ်အစား၊ ဖိနပ်စသည်တို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။

၄။ ရောဂါကာကွယ်ခြင်း

- ✻ ရောဂါမဖြစ်ပွားမီ ကာကွယ်ဆေးထိုးရန် လိုအပ်ပါသည်။ကာကွယ်ဆေးထိုးရန် နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်ပါသည်။
- ✻ ရောဂါဖြစ်ပွားပါက ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လျင်မြန်ထိရောက်စွာဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန် သတင်းပေးပို့ရပါမည်။

၅။ ရောဂါထိန်းချုပ်ခြင်း

- ✻ ကူးစက်ရောဂါဖြစ်ပွားသော တိရစ္ဆာန်နှင့်အတူနေသော တိရစ္ဆာန်တို့ကို သီးသန့်ခွဲခြားထားရမည်။
- ✻ ယင်းတိရစ္ဆာန်များ ပြင်ပသို့မထွက်ရန်၊ ပြင်ပမှ တိရစ္ဆာန်များမဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်ရမည်။
- ✻ ရောဂါဖြစ်နေသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့် အတူနေသော တိရစ္ဆာန်ကိုဖြစ်စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်မောင်းနှင်ခြင်းမပြုရပါ။
- ✻ ယင်းတိရစ္ဆာန်၏ အညစ်အကြေးများ၊ အညစ်အကြေးနှင့် ထိစပ်သောပစ္စည်းများ၊ အစာအကြွင်းအကျန်များကို မြေမြှုပ်၍ဖြစ်စေ၊ ခြံသုံးပိုးသတ်ဆေးဖျန်း၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ ဖျက်ဆီးပစ်ရပါမည်။
- ✻ ရောဂါဖြစ်နေသော တိရစ္ဆာန်ကို ပြုစုစောင့်ရှောက်သူ၊ ယင်းခြံအတွင်းဝင်သူတို့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေထောက်၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာဖြင့် ဆေးကြောသန့်စင်ရပါမည်။

၆။ ရောဂါကုသခြင်း

- ✻ ကျောက်ချဉ်လေးကျပ်သားကို တစ်လီတာဝင် ရေသန့်ဘူးတွင် ဖျော်စပ်၍ လျှာ၊ ပါးစပ်ကို တစ်နေ့လေးကြိမ် သုတ်လိမ်းပေးပါ။
- ✻ ခွာနာကို သန့်ရှင်းခြောက်သွေ့စေ၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ ပူးပေါင်းဆောင်ရွက်ခြင်း

✻ ရောဂါဖြစ်ပွားလျှင် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ကို ဆောလျင်စွာသတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် အေးအတူပူအမျှ အတူတကွ စုစည်းယှက်နွယ်နေထိုင်လျက်ရှိရာ တည်ငြိမ်အေးချမ်းမှု(Peace and Stability) သည် အဓိက အရေးကြီးဆုံးအချက်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများအနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နယ်စပ်ဒေသများတွင် သောင်းကျန်းသူများ ပေါ်ပေါက်ခဲ့သည့်အတွက် အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှု များစွာ နောက်ကျကျန်ရစ်ခဲ့ကြရသည်။

တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်၏ မူဝါဒအဖြစ်ချမှတ်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုပါ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။ ၁၉၈၉ ခုနှစ် မေလတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းဆပ်ကော်မတီများကို စနစ်တကျ ဖွဲ့စည်း၍ ထိုမှဆက်လက်ပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် ဝန်ကြီးဌာနတစ်ခုကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်များစွာ ရရှိနေပြီဖြစ်သည်။

နတလ ဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်း

နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ပြန်လည်၍ ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၁၁)ကို ဧပြီလ ၂၃ ရက်နေ့ နံနက် ၉ နာရီခွဲအချိန်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားခဲ့သည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးသည် လက်ရှိ နိုင်ငံတော်အစိုးရအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် အစိုးရအဖွဲ့သစ်၌ ပြည်ထောင်စုအဆင့်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ရှိလာပြီဖြစ်သည့်အတွက် ယင်းဌာနများအနေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လမ်းညွှန်မှုကိုခံယူပြီး ညှိနှိုင်းပေါင်းစပ်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ရည်မှန်းချက်များ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရခြင်း၏ အဓိကရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များနှင့်အညီ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်။

(ခ) တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ စာပေ၊ ဓလေ့ထုံးစံတို့ကို မြတ်နိုးစွာ ထိန်းသိမ်းနိုင်စေရန်။

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်။

(ဃ) စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်။

(င) နယ်စပ်ဒေသ၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိန်းသိမ်းရန်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသောဒေသများ

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေးဆွဲထားသော ပင်မစီမံကိန်းများနှင့်အညီ အောက်ပါဒေသများတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) ကချင်အထူးဒေသ(၁)တွင် ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော်(မြို့နယ်မြောက်ခြမ်း)ရှိ အချို့ဒေသများ။

(ခ) ကချင်အထူးဒေသ(၂)တွင် ကချင်ပြည်နယ်အတွင်းရှိ တနိုင်း၊ ကာမိုင်း၊ မိုးကောင်း၊ မိုးညှင်း၊ အင်ဂျန်းယန်၊ မိုးမောက်၊ မန်စီ၊ ဗန်းမော်၊ ဝိုင်းမော်(မြို့နယ်တောင်ခြမ်း)။

(ဂ) ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကိုးကန့်ဒေသ၌ ကွမ်းလုံ၊ ကုန်းကြမ်း၊ လောက်ကိုင်၊ မုံးကိုး၊ မူဆယ်မြို့နယ်(အရှေ့ခြမ်း)။

(ဃ) 'ဝ'ဒေသ၌ ဟိုပန်၊ မိုင်းမော၊ နားဖန်၊ ပန်ဝိုင်၊ မန်ဖန့်နှင့် ပန်ယန်းမြို့နယ်များ။

(င) ရှမ်းဒေသ၌ သီပေါ(ဆင်ကြော့)၊ လားရှိုး(ဟိုခို)၊ နမ့်ခမ်းမြို့နယ်များ။

(စ) ကချင်(အရှေ့မြောက်)ဒေသ၌ ကွတ်ခိုင်၊ ကောင်းခါးဒေသ။

(ဆ) ပလောင်ဒေသ၌ နမ့်ဆန်၊ နမ္မတူမြို့နယ်များ။

(ဇ) ပအိုဝ်းဒေသတွင်ဆီဆိုင်၊ တောင်ကြီး(ကျောက်တလုံးနှင့် ပတ်ဝန်းကျင်ဒေသ)၊ ပင်လောင်း၊ မောက်မယ်၊ ဟိုပုန်း၊ ညောင်ရွှေနှင့် မိုးနဲမြို့နယ်များ။

(ဈ) ကယားပြည်နယ် ဖားဆောင်း၊ ဖယ်ခုံ၊ ရှားတော၊ ဒီမောဆို၊ ဖရူဆိုမြို့နယ်(မဲစဲ့နှင့် မဲစဲ့နမ်)။

(ည) မော်ဖဒေသ မက်မန်းမြို့နယ်။

(ဋ) ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ကျိုင်းတုံဒေသ၌ ကျိုင်းတုံ၊ မိုင်းယန်း၊ မိုင်းယောင်း၊ မိုင်းခတ်၊ တာချီလိတ်မြို့နယ်များ။

(ဌ) မွန်ပြည်နယ်တွင် ကျိုက်မရော၊ သံဖြူဇရပ်၊ ရေးမြို့နယ်များ။

(ဍ) ကရင်ပြည်နယ်တွင် ကြာအင်းဆိပ်ကြီး၊ မြိုင်ကြီးငူဒေသ၊ ဘားအံ၊ မြဝတီ၊ ကော့ကရိတ်မြို့နယ်နှင့် သံတောင်မြို့နယ်။

(ဎ) တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း၊ ပုလော၊ မြိတ်၊ တနင်္သာရီ၊ ဘုတ်ပြင်း၊ ကော့သောင်းမြို့နယ်များ။

(ဏ) ရခိုင်ပြည်နယ်တွင် မောင်တော၊ ဘူးသီးတောင်မြို့နယ်များ။

(တ) ချင်းပြည်နယ်တွင် တီးတိန်၊ တွန်းဇံ၊ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်။

(ထ) စစ်ကိုင်းတိုင်းဒေသကြီး ကဘော်ချိုင့်ဝှမ်းဒေသတွင် တမူးမြို့နယ်၊ ကလေး ခရိုင်နှင့် မော်လိုက်ခရိုင်အပါအဝင်။

(ဒ) နာဂဒေသတွင် ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များ။

ယင်းကဲ့သို့ ဒေသ(၁၈)ခု သတ်မှတ်ထားသော်လည်း လိုအပ်ချက်အရ ပေါ်ပေါက်လာသော ဒေသများ(ဥပမာ-၁၉၉၆ ခုနှစ်၌ MTA အဖွဲ့အကြွင်းမဲ့လက်နက်စွန့်သဖြင့် ဟိုမိန်း၊ မုံးထော်/မုံးထဒေသများလည်း)ရှိခဲ့သည်။ ယခုအသစ်ဖွဲ့စည်းပြီးဖြစ်သော နတလဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝင်များပါ စုံညီစွာ ပါဝင်လာပြီဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်မှာ ယခင်ကထက် ပိုမိုကြီးမားကျယ်ပြန့်လာမည့်သဘောပင်တည်း။

တွေ့ဖန်များတော့ ရင်းနှီး၊ မြင်ဖန်များတော့ချစ်ခင်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၁)၌ နိုင်ငံတော်သမ္မတကြီးက အဖွင့်အမှာစကားပြောကြားရာတွင် **"နယ်မြေဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် ဟိုတုန်းကအမှားများ၊ ဖြစ်ရပ်ဆိုးများအတွက် သင်ခန်းစာယူ သံဝေဂရသင့်ကြပြီဖြစ်ကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များ ပပျောက်သွားစေရန် ကုစားပေးနိုင်သည့် လုပ်ငန်းများမှာ ယနေ့ဖော်ဆောင်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများသာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြားဖြစ်နေသည့် ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမှာဖြစ်ကြောင်း၊ အပြန်အလှန်ကူးသန်းသွားလာ ဆက်သွယ်နိုင်အောင် လမ်း၊ တံတားများ ဖောက်လုပ်ပေးပြီး အချင်းချင်း အပြန်အလှန်ဆက်သွယ်ကူးသန်းသွားလာ ဆက်ဆံကြရာမှ တွေ့ဖန်များသည့်အခါ ရင်းနှီးလာမည်။ မြင်ဖန်များသည့်အခါ ချစ်ခင်လာမည်ဖြစ်ပါကြောင်း"** ထည့်သွင်းမိန့်ကြားခဲ့သည်။

မြင့်စိုး(နတလ)

လမ်းနှင့်တံတားသည် နိုင်ငံအင်အားဖြစ်သည်။ ယနေ့အချိန်အခါတွင် နှလုံးသားချင်း ဆက်သွယ်နေရုံဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ အပြည့်အဝ တည်ဆောက်နိုင်မည်မဟုတ်ပေ။ သမ္မတကြီး မြွက်ကြားသကဲ့သို့ ရေခြား၊ မြေခြားဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမည်။ အပြန်အလှန် ကူးလူးယှက်နွယ်နေစေရမည်။ ယင်းကဲ့သို့ အရေးကြီးဆုံးဖြစ်သော နယ်စပ်ဒေသ လမ်း၊တံတားကဏ္ဍအတွက် နိုင်ငံတော်အနေဖြင့် ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်ထိ ငွေကျပ်သန်းပေါင်း ၂၁၁၅၃၂သန်းကျော် သုံးစွဲခဲ့ပြီး မြေလမ်း ၄၄၇၉ မိုင်၊ ကျောက်ခင်းလမ်း ၃၂၀၂ မိုင်၊ ကတ္တရာလမ်း ၄၇၆ မိုင်၊ တံတားကြီး ၁၁၉ စင်း၊ တံတားငယ် ၁၅၆၃ စင်းနှင့် ကြိုးတံတား ၆၆ စင်းတို့ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ မူလရှိပြီး လမ်းမိုင် ၃၅၉၀ ကိုလည်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး အဓိကကျသည့် လမ်းများကို ကတ္တရာခင်းခြင်း၊ လိုအပ်သည့် နေရာဒေသများတွင် လမ်းများ တိုးချဲ့ဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပေသည်။

ပညာရေးကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး

နယ်စပ်ဒေသများတွင် ဆယ်စုနှစ်ပေါင်းများစွာ ပညာသင်ကြားမှုနှင့် အလှမ်းဝေးခဲ့ရသဖြင့် နတလလုပ်ငန်းများ စလျှင်စချင်း ပညာရေးကို ဦးစားပေးလုပ်ငန်းကြီးတစ်ခုအဖြစ် အလေးထားဆောင်ရွက်ပေးခဲ့သည်။ အခြေခံပညာမူလတန်းကျောင်းများ စတင်ဖွင့်လှစ်ပေးခြင်း၊ ဆရာ၊ ဆရာမများ စေလွှတ်ပေးခြင်းနှင့် ဒေသခံများကို ဦးစားပေး ခန့်ထားပေးခြင်း၊ နိုင်ငံတော်အထူးထောက်ပံ့ငွေများ ခံစားစေခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ နယ်စပ်ဒေသ ဆရာ၊ ဆရာမများသည် စာပေသင်ကြားရေးအတွက်သာမက ဒေသခံတိုင်းရင်းသားများ လူမှုရေးရာ အသိပေးပညာများ တိုးပွားလာရေး၊ နိုင်ငံတော်က ထားရှိသော စေတနာကို ပြက်ပြက်ထင်ထင် သိရှိလာစေရေးတို့အတွက် ပေါင်းကူးများ ဖြစ်လာခဲ့ကြသည်။

နယ်စပ်ဒေသများတွင် ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း ၉၂ ကျောင်း၊ အထက်တန်းကျောင်း ၉၄ ကျောင်း ဖွင့်လှစ် သင်ကြားပေးခဲ့ပြီး နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ကျောင်းပေါင်း ၈၉၂ ကျောင်း ဆောက်လုပ်ပေးကာ ၉၅၃ ကျောင်း ပြုပြင်ပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်ထားရှိကာ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်၌ မူလတန်းကျောင်းသား ၁၄၀၊ အလယ်တန်းကျောင်းသား ၁၈၂၉ ဦး၊ အထက်တန်းကျောင်းသား ၁၁၇၈ ဦး စုစုပေါင်း ၃၁၄၇ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုမှ ဝိဇ္ဇာ၊ သိပ္ပံနှင့် AGTI (ဒီပလိုမာ)ဘွဲ့ရ လူငယ် ၁၅၁၃ ဦး မွေးထုတ်၍ ဝန်ကြီးဌာနအသီးသီး၌ တာဝန်ပေးအပ်ကာ မိမိတို့ ဇာတိမြို့ရွာဒေသများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ထမ်းရွက်နေကြပြီဖြစ်သည်။ ၎င်းပြင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ မဟာဘွဲ့ရရှိသူ ၁၂၅ ဦး မွေးထုတ်ပေး၍ မဟာတန်း ၁၆၄ ဦး၊ ပါရဂူဘွဲ့သင်တန်း ခုနစ်ဦး တက်ရောက်လျက်ရှိသည်။ ဒီဂရီကောလိပ် နှစ်ခု၌ တက်ရောက်ဆဲကျောင်းသား ၁၀၇၃ ဦးဖြစ်သည်။

နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသူလေးများအတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူစုစုပေါင်း ၃၈၄၈၉ ဦး သင်ကြားလေ့ကျင့်ပေးခဲ့ပြီးဖြစ်သည်။ အလားတူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကို လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားနှင့် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့များ၌ ဖွင့်လှစ်၍ လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် သက်မွေးပညာရပ်များ သင်ကြားပေးလျက်ရှိသည်။

၎င်းအပြင် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာသင်ယူခွင့်ဆုံးရှုံးခဲ့ကြသော နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူများအတွက် အ သုံးလုံးသင်တန်းများကို ၁၉၉၆ ခုနှစ်မှစတင်၍ နယ်စပ်ဒေသအသီးသီးတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ရာ ၁၉၉၆ ခုနှစ်တွင် ၁၁၂၄ ဦး၊ ၂၀၀၀ ပြည့်နှစ်တွင် ၁၀၅၁၀၊ ၂၀၀၁ခုနှစ်တွင် ၇၅၁၂ ဦး၊ ၂၀၀၂ ခုနှစ် တွင် ၉၇၇၂ ဦး၊ ၂၀၀၃ ခုနှစ်တွင် ၂၉၆၁ ဦး၊ ၂၀၀၄ ခုနှစ်တွင် ၂၅၁၂ ဦး၊ ၂၀၀၅ ခုနှစ်တွင် ၁၆၆၈၁ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၄၄၄၇ ဦး၊ ၂၀၀၇ ခုနှစ်တွင် ၆၆၂၆ ဦး၊ ၂၀၀၈ ခုနှစ်တွင် ၃၅၅၄၅ ဦး၊ ၂၀၀၉ ခုနှစ်တွင် ၄၃၆၄၄ ဦး၊ ၂၀၁၀ ခုနှစ်တွင် ၁၇၅၈၆၁ ဦး စုစုပေါင်း ၃၂၇၁၉၅ ဦး သင်ကြားတတ်မြောက်ခဲ့ပြီးဖြစ်သည်။

နယ်စပ်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အတော်အတန် ခရီးပေါက်နေပြီဟု ဆိုနိုင်ပါသည်။ ဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၆ ခု၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၂ ခုတို့ ဖွင့်လှစ်ပေးပြီး အထူးဒေသကြီးများမှ ခုတင် (၂၀၀) ဆေးရုံကြီးများနှင့် ချိတ်ဆက်ကာ ကုသစောင့်ရှောက်ပေးလျက်ရှိသည်။ ယခင်က နယ်စပ်ဒေသများတွင် ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်းရှစ်ခုသာရှိခဲ့၍ ကျန်းမာရေးဗဟုသုတ၊ ကျန်းမာရေးအသိများ နည်းပါးခဲ့ကြသည်မှာ အမှန်ပင်။ ရွှေသွားစိုက်ချင်၍ သွားအကောင်းကြီးကို အတင်းနုတ်ပစ်ခိုင်းသူများ၊ ရောဂါကျွမ်းပြီး အချိန်လွန်မှ ရောက်လာကာ အပ်လည်းစိုက်၊ အသက်လည်းပျောက်ဖြစ်သွား၍ ဆရာဝန်ကို ရန်ပြုကြသူများ၊ နယ်မြေလူထုနှင့် တစ်သားတည်းဖြစ်လို၍ လူနာသေဆုံးသွားလျှင် ပေါက်ပြားထမ်းပြီး အသုဘလိုက်ပို့သော ဆရာဝန်၊ ဆရာမများ၊ သူတစ်ပါးအသက်ပေါင်းများစွာကို ကယ်တင်ကုသပေးပြီး ကိုယ်ဖြစ်သောအခါ ကုပေးမည့်သူမရှိ၍ အသက်ဆုံးရှုံးသွားသော ဆရာဝန်၊ ဆရာမများကို ကြုံဖူးတွေ့ဖူးခဲ့ပါသည်။

စိုက်ပျိုးရေးလုပ်ငန်း

စိုက်ပျိုးရေးနှင့်ပတ်သက်၍ နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၆၃ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများနှင့် စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်း

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့သည်။ ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်၍ ၁၀ နှစ်စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(အမ်း)ဒေသ၊ မကွေးတိုင်းဒေသကြီး ကျောက်ထုဒေသနှင့် နေပြည်တော် ဆိပ်ဖူးတောင်ဒေသများတွင် ၃၁၆၉၁ ဧက ဖော်ထုတ်ပေးပြီးဖြစ်ပါသည်။

စွမ်းအင်လုပ်ငန်း

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၅၁ မြို့တွင် အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၂၀၇ ခုတွင်လည်း မီးစက် ၂၇၆ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။

ဆက်သွယ်ရေးလုပ်ငန်း

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် စာတိုက် ၅၄ ခု၊ ကြေးနန်းရုံး ၄၇ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၆ ခု တို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်ခဲ့ပါသည်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်း

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့် ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၃ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါသည်။

သစ်တောလုပ်ငန်း

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက် လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

သာသနာရေးလုပ်ငန်း

သာသနာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စေတီ ၅၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၈၉ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၅ တိုက်၊ အခြားသာသနိက အဆောက်အအုံ ၆၆ ခု တို့ကို အသစ်တည်ဆောက်ပေးခဲ့ပြီး သာသနိက အဆောက်အအုံဟောင်း ၄၇ ခုတို့ကို ပြုပြင်ထိန်းသိမ်းခဲ့ပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေး

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက် ငါးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် **"နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"** ဆိုသည့် ရည်ရွယ်ချက် တစ်ရပ်လည်း ပါရှိပေရာ မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သုံးစွဲပြီးငွေကြေးပမာဏ

နယ်စပ်ဒေသများတွင် လူမှုစီးပွားရေးအခြေခံကောင်းများ ရရှိစေရန် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၄၅၄၅၄ သန်း၊ ဝန်ကြီးဌာန အသီးသီးက ငွေကျပ် သန်း ၂၅၁၉၉၀ စုစုပေါင်း ငွေကျပ် ၃၉၇ ဘီလီယံကျော် သုံးစွဲ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

နယ်စပ်ဒေသအချို့တွင် ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် နိုင်ငံလွတ်လပ်ရေး ရပြီးနောက်ပိုင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ဆိုးများကို သင်ခန်းစာယူ၍ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များအစား စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ်ထက်သန်ပြည့်ဝလာအောင် အားပေးနိုင်သည့်လုပ်ငန်းများမှ ယနေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာ ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရက ထားရှိသည့် စေတနာ၊ မူဝါဒနှင့် ရည်မှန်းချက်များအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများက ယုံကြည်စိတ်ချအားကိုးလာသည်နှင့်အမျှ ပိုမိုလက်တွဲ ပူးပေါင်းဆောင်ရွက်လာကြမည်ဖြစ်သည်။

သို့ဖြစ်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီက ချမှတ်ပေးသော လုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီ လုပ်ငန်းကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ လုပ်ငန်းဆပ်ကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်စပ်ဒေသနှင့် ပတ်သက်သည့်တာဝန်ရှိဌာနများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ညှိအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd. မှ Vice President Mr. Wang Bo နှင့် အဖွဲ့သည် မေ ၁၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** (သတင်းစဉ်)

တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မေ ၂၂ ရက်အစား မေ ၂၈ ရက် ကျင်းပမည်

ရန်ကုန် မေ ၁၃

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို မေ ၂၂ ရက်အစား ၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် (မေ ၂၈ ရက်) (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား မေ ၂၇ ရက် ညနေ ၃နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း၊ အခမ်းအနားသို့ ကြွရောက်မည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေ အောင်မြင်တော်မူကြသော မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက လေးပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက နှစ်ပါး၊ ဝိနယကောဝိဒ ခြောက်ပါး၊ ဝိနယဓရ ၁၉ပါး၊ ဥဘတောဝိဘင်္ဂဓရကောဝိဒ ကိုးပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၁ ပါး စုစုပေါင်း စာအောင်သံဃာ ၈၄ ပါး အပါအဝင် ပင့်သံဃာ၂၆၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော် လှူဒါန်းမည်ဖြစ်သဖြင့် ကြွရောက် ကြည်ညိုနိုင်ကြောင်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း- ၆၅၁၅၇၂၊ စာမေးပွဲ ဌာနခွဲ ဖုန်း- ၆၅၂၇၉၄၊ ၆၆၃၃၂၅နှင့် ၆၆၄၅၇၈ တို့သို့ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ဓာတ်နှင့် ပြုစုမှုပညာ ပြည့်ဝသူများပီပီ ပြုစုစောင့်ရှောက် ခေတ်မီသူနာပြုစုမှု ပညာရပ်များကို စဉ်ဆက်မပြတ်ဆည်းပူး

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းသည် ဆင်းရဲချမ်းသာ၊ ဘာသာလူမျိုး၊ နေရာဒေသမခွဲခြားဘဲ လူသားအားလုံးအတွက် အချိန်မရွေး၊ နေရာမရွေး ကျန်းမာရေးစောင့်ရှောက်မှုများကို စောင့်ရှောက်ပေးလျက်ရှိသောအသင်းကြီးဖြစ်၍ အသင်းဝင်များ အနေဖြင့် သူနာပြုစိတ်ဓာတ်နှင့် သူနာပြုစုမှုပညာအရည်အသွေးပြည့်ဝသူများ ပီပီ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်မှုပေးရာတွင် ထက်မြက်ထိရောက်စွာ ဆောင်ရွက်ပေးကြရန်၊ ပြည်သူများအား နွေးထွေးကြင်နာစွာ ပြောဆိုဆက်ဆံကြရန်၊ ခေတ်မီ သူနာပြုစုမှု ပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြရန်၊ ရောဂါကာကွယ်တားဆီးနှိမ်နင်းရေးနှင့် သူနာပြုစုစောင့်ရှောက်ရေးတို့ကို ဟန်ချက်ညီညီ ကြိုးပမ်းဆောင်ရွက်ကြရန် မေ ၁၂ ရက် နံနက် ၈နာရီတွင် ရန်ကုန်သူနာပြုတက္ကသိုလ်(ပင်မ) ခန်းမဆောင်၌ ကျင်းပသည့် ၂၀၁၁ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ် အခမ်းအနား၌ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှက မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဝင်များအား ပြောကြားသည်။

မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယင်းနောက် ရန်ကုန်သူနာပြုတက္ကသိုလ်မှ ကထိကဒေါ်ခင်မာကြည်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ သူနာပြု ဒေါ်ခင်သီတာဝင်းနှင့် မြို့နယ်သူနာပြုဆရာမကြီး အဆင့်(၁) ဒေါ်ခင်သီတာဆိုင်တို့က ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောကြသည်။

ဖလောရင့်နိုက်တင်ဂေးလ် မွေးနေ့ဖြစ်သည့် မေ ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာသူနာပြုများနေ့ (International Nurse Day)ဟူ၍ အပြည်ပြည်ဆိုင်ရာ သူနာပြုများကောင်စီ (International Council of Nurses) က ၁၉၆၅ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ပြီး အဆိုပါနှစ်မှစတင်ကာ ကမ္ဘာပေါ်ရှိ ကောင်စီဝင် သူနာပြုအဖွဲ့အစည်းများနှင့် သူနာပြုအသင်းများက အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ်ကျင်းပကြကြောင်း သိရသည်။ (သတင်းစဉ်)

အမြို့မြို့အနယ်နယ်သတင်းများ

လုပ်ငန်းဆိုင်ရာများ ထပ်ဆင့်မှာကြား

မော်လမြိုင် မေ ၁၃

ပြည်ထောင်စု ရှေ့နေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၇ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များနှင့် ဥပဒေအရာရှိများအား တွေ့ဆုံမှာကြားခဲ့သည့် လုပ်ငန်းဆိုင်ရာ မှာကြားချက်များ ထပ်ဆင့်မှာကြားသည့် အခမ်းအနားကို မေ ၃ ရက်မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးဝင်းကြည်က ပြည်နယ်အတွင်းရှိ ဥပဒေအရာရှိများအား တွေ့ဆုံ၍ ထပ်ဆင့်မှာကြားသည်။**(အောက်ပုံ)** (၁၀၇)

မော်လမြိုင်ကျွန်းမြို့နယ်၌ ချောင်းကူးတံတားဖွင့်

မော်လမြိုင်ကျွန်း မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဖြန့်ကြီးအုန်းပင်စုကျေးရွာအုပ်စု တုံးတုကျေးရွာရှိ ငွေကျပ်သိန်း ၄၀ တန် အလျား ၇၅ ပေရှိ အာစီကွန်ကရစ် တုံးတုချောင်းကူးတံတားသစ်ဖွင့်ပွဲကို မေ ၁ ရက်က တံတားထိပ်ယာယီမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် တံတားသစ်အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးဘိုးတော-ဒေါ်လှကြွယ် (သူဇာဖက်ရှင်အထည်ဆိုင်) မိသားစုက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၆၄)

လားရှိုးမြို့၌ အဆင့်မြင့် ခေတ်မီပလာဇာဈေးသစ်ကြီး တည်ဆောက်

လားရှိုး မေ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မြို့မဈေးကြီးအပြင် ခေတ်မီအဆင့်မြင့်မန်ဆူဈေးနှင့် ပလာဇာကို ယခုနှစ်အတွင်း ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိရာ ၅၅ ရာခိုင်နှုန်း ပြီးစီးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆင့်မြင့်မန်ဆူဈေးနှင့် ပလာဇာမှာ မြို့လယ်မှဖြတ်သန်းသော ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် စီးပွားရေးအချက်အချာနေရာဟု ဆိုရမည်ဖြစ်သည်။ နယ်စပ်ကုန်သွယ်ရေးဇုန်မှ ပြည်တွင်းသို့စီးဆင်းရာလမ်းကြောင်းဖြစ်သည်။

ဈေးအတွင်း အဆောက်အအုံပုံစံမှာ ဂငယ်ပုံသဏ္ဌာန် ဈေးဆိုင်တန်းများ ဝန်းရံနေပြီး အလယ်ဗဟိုတွင် မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်ရှိသော ပလာဇာအဆောက်အအုံ နှစ်လုံးရှိမည်ဖြစ်သည်။ အထပ်တိုင်းတွင် ဆိုင်ခန်း ၂၂ ခန်းရှိမည်ဖြစ်ရာ သုံးထပ် ၆၆ ခန်းပါရှိမည်။ ပလာဇာ အဆောက်အအုံ နှစ်လုံးဖြစ်ရာ စုစုပေါင်း ၁၃၂ ခန်းပါရှိမည်။ ခေတ်မီအဆင့်မြင့်ဈေးဖြစ်သည်နှင့်အညီ ဓာတ်လှေကား၊ စက်လှေကား၊ ကားပါကင်များ ပါရှိမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာတွင် အပြီးသတ်ကာ လုပ်ငန်းကုန်ကျမှု တန်ဖိုးငွေကျပ် သိန်း ၁၇၂၀၀ ဟုသိရသည်။ (၅၃၃)



မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

ပခုက္ကူ မေ ၁၃

(၆၅)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်က ပခုက္ကူခရိုင် မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။ အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးမှ ပခုက္ကူမြို့ပေါ် ၁၅ ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ပေးအပ်သော တူညီဝတ်စုံ ၃၁၃ စုံကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်သည်။ ဆက်လက်၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့သော ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ပြီး အခမ်းအနားတက်ရောက်သူများအား သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်စွမ်းရည် သရုပ်ပြသကြသည်။(၃၇၄)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေးအစီအစဉ်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၁၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင်ကျင်းပသည့် ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေး အစီအစဉ်များဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဘဏ်နှင့်ဆက်သွယ်သူ၊ ဌာနနှင့်ဆက်သွယ်သူ ပြည်သူများ အဆင်ပြေချောမွေ့စွာ လုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများကို စိတ်အေးချမ်းလုံခြုံစွာ ဆောင်ရွက်နိုင်မှုတို့ကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ကြရန်ဖြစ်ကြောင်း နိဂုံးချုပ်ဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးတွင် အစီအစဉ်အရ ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြသန်းက ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေး အစီအစဉ်၏ ရည်ရွယ်ချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ် အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ပညာရှင်များက ငွေပေး၊ ငွေယူ၊ ငွေလွှဲလုပ်ငန်းများ အဆင့်မြှင့်တင်ရေး အစီအစဉ်တွင် အသုံးပြုမည့် Hardware နှင့် Software ပိုင်းဆိုင်ရာနှင့် Security လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကြံပြုရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဒုတိယဝန်ကြီး ဦးဝင်းသန်းတို့က ဖြည့်စွက်ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

သုတေသီများက တီထွင်ထုတ်လုပ်ခြင်း ဖြစ်သည်။

ကနေဒါသိပ္ပံပညာရှင်များသည် ယင်းကွန်ပျူတာကို တီထွင်ထုတ်လုပ်နိုင်ရန် ရှစ်နှစ်ကြာမျှ သုတေသနပြုလုပ်ကာ စမ်းသပ်မှုများကို လက်တွေ့ဖော်ဆောင်ခဲ့သည်။

စက္ကူကွန်ပျူတာကို အီလက်ထရွန်နစ် စာအုပ် (e-book) ဖတ်စက်အဖြစ်လည်းကောင်း၊ တယ်လီဖုန်းအဖြစ်လည်းကောင်း၊ အမ်ပီ-၃ (MP3)ပလေယာအဖြစ်လည်းကောင်း အသုံးပြုနိုင်ကြောင်း သုတေသီ ရိုယယ်လ်ဗာတီဂဲလ်က ပြောကြားသည်။

စက္ကူကွန်ပျူတာသည် အကွေးအဆန့်ပြုလုပ်နိုင်သော ဖလင်ချပ်တစ်ချပ်အဖြစ် တည်ဆောက်ထားပြီး ၉ ဒသမ ၅ စင်တီမီတာ ရှိသည်။

လောလောဆယ် စံနမူနာအဖြစ် ထုတ်လုပ်ထားသော စက္ကူဖုန်း Smart Phone နည်းပညာအရ တီထွင်ထားပြီး လောလောဆယ် ကွန်ပျူတာတစ်လုံးနှင့် ချိတ်ဆက်အသုံးပြုနိုင်ကြောင်း၊ ဈေးကွက်တွင် ရောင်းချမည့် စက္ကူဖုန်းတွင်မူ အီလက်ထရွန်နစ်ကိရိယာတစ်ခုလုံးကို ဖလင်ချပ်တစ်ချပ်တည်းပေါ်၌ ထည့်သွင်းထားမည်ဖြစ်ကြောင်း ကွင်းတက္ကသိုလ်ရှိ လူထုဆက်သွယ်ရေးကိရိယာသုတေသနဌာန ညွှန်ကြားရေးမှူး ဗာတီဂဲလ်က ပြောကြားသည်။

အင်တာနက်။

TV Guide စာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၃

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ် (၂၅) ကို မေ ၁၅ ရက် (တနင်္ဂနွေနေ့) တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် Friendship Concert 2011 တွင် Super Junior အဖွဲ့၏ ဖျော်ဖြေမှု၊ TLC ရုပ်သံလိုင်းတွင် စပိန်နိုင်ငံမှ ခရမ်းချဉ်သီးပစ်ပေါက်ပွဲ၊ Animal Planet ရုပ်သံလိုင်းတွင် I'am Alive အစီအစဉ်၊ Mandalay FMတွင် နားဆင်ရမည့် Sai Sai Birthday Show၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် ထိုင်းနိုင်ငံ Hua-Hin မြို့မှ Webster University အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ မေ ၁၅ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ မေ ၁၅ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express 09-5080850, 391186 သို့ မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ဘိလိယက်နှင့် စနူကာပြိုင်ပွဲ ထိုက်တန်စွာ ဆုကြေး ချီးမြှင့်မည်

နေပြည်တော် မေ ၁၃

၂၀၁၁ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ မြန်မာ ဘိလိယက်နှင့် စနူကာလက်ရွေးစင်များ အောင်မြင်မှုရရှိကြပြီး ဆုတံဆိပ်များ ရရှိနိုင်ရေးအတွက် မေ ၂၀ ရက် နံနက် ၁၀ နာရီမှ စတင်၍ APEX BILLIARD & SNOOKER CENTRE(နာနတ်တောလမ်း ကမာရွတ်မြို့နယ်)၌ ကျင်းပမည့် BILLIARD & SNOOKER CENTRE Challenge Cup 2011 ပြိုင်ပွဲတွင် အောင်ပွဲရ အားကစားသမားများအား ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ယနေ့ ထုတ်ပြန်ကြေညာသည်။

အဆိုပါ ပြိုင်ပွဲများအနက် ဘိလိယက်အကြီးတန်းပြိုင်ပွဲတွင် ပထမ ဆုကြေးငွေကျပ် ငါးသိန်း၊ ဒုတိယ ဆုကြေးငွေကျပ် သုံးသိန်းနှင့် တတိယ ဆုကြေးငွေကျပ် နှစ်သိန်းဖြစ်သည်။

စနူကာ အကြီးတန်းပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ် ငါးသိန်း၊ ဒုတိယဆုကြေးငွေကျပ် သုံးသိန်းနှင့် တတိယဆုကြေးငွေကျပ် နှစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး စနူကာအငယ်တန်း ပြိုင်ပွဲတွင် ပထမဆုကြေးငွေကျပ် သုံးသိန်း၊ ဒုတိယဆုကြေးငွေကျပ် နှစ်သိန်းနှင့် တတိယဆုကြေးငွေကျပ် တစ်သိန်း ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် လက်စွမ်းပြပြီး အလားအလာရှိသော ဘိလိယက်နှင့် စနူကာ အားကစားသမားများအား မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်က ရွေးချယ်ကာ လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ဣန္ဒြိယ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း-ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သရက်ကုန်းရွာ ခမည်းတော် ဦးနန္ဒိယ၊ မယ်တော်ဒေါ်မအင်းတို့မှ ၁၂၇၃ ခုနှစ် နယုန်လဆန်း ၁၂ ရက်(တနင်္ဂနွေနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်း	-	ဆရာတော်လောင်းလျာသည် (၁၃)နှစ်သားအရွယ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သရက်ကုန်းကျေးရွာ သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြုခဲ့ပြီး ၁၂၉၂ ခုနှစ် တန်ခူးလဆန်း ၈ ရက်နေ့တွင် ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျောင်းဆရာတော် ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် သရက်ကုန်းကျေးရွာ သရက်ကုန်းကျောင်းဥဒကုက္ခေပသိမ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။
ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း	-	ဆရာတော်သည် သရက်ကုန်းကျေးရွာကျောင်းဆရာတော်ဘဒ္ဒန္တနန္ဒ၊ သထုံမြို့ နောင်ဘိုရွာကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ၊ ဘဒ္ဒန္တသာသန၊ ဝင်းစိန်အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ မန္တလေးမြို့ ညောင်ကန်ကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ဘုရားကြီးတိုက်ဆရာတော်ဘဒ္ဒန္တနာရဒနှင့် ဆရာတော်ဦးကြယ်၊ အသောကာရာမတိုက်ဆရာတော် ဘဒ္ဒန္တသုမင်္ဂလ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။
စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း	-	ဆရာတော်သည် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကြီးကို ပရိယတ္တိစာသင်တိုက်အဖြစ်တည်ထောင်ဖွင့်လှစ်၍ ငယ်၊ လတ်၊ ကြီးစသော စာသင်သံဃာ ၉၀ ကျော်တို့အား ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ၍ စာပေသင်ကြားပို့ချခြင်း၊ ကရင်မြန်မာ(၂)ဘာသာ ဂါထာပဒေသာကျမ်း၊ ကရင်ဘာသာပြန် သီလက္ခန်ပါဠိတော်၊ ကရင်ဘာသာပြန်(သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းငယ် လေးစောင်)၊ ကရင်ဘာသာပြန် ဓမ္မစကြာ အဖြေကြမ်း၊ ကရင်ဘာသာပြန် ဓမ္မပဒကျမ်းတို့ကို တည်းဖြတ်ခြင်းတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။ ၁၃၃၆ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပဋိပတ္တိကမ္မဋ္ဌာန်းတိုက်တည်ထောင်၍ တရားစခန်းဖွင့်လှစ်ပြသပေးခဲ့ခြင်း၊ ၁၃၄၂ ခုနှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီး ကျင်းပနိုင်ရန် ဘားအံအခြေခံဒေသမှ မူလသံဃာ့ဝန်ဆောင်(၆၆)ပါးတွင်ပါဝင်၍ သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ခြင်း၊ ၁၃၄၂ ခုနှစ် နယုန်လပြည့် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးမှ ရွေးချယ်တင်မြှောက်ချက်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် တာဝန်ကို ထမ်းဆောင်ခဲ့ခြင်း၊ ၁၃၄၇ ခုနှစ်မှစ၍ နိုင်ငံတော်သြဝါဒါစရိယတာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိခြင်း၊ ရန်ကုန်မြို့နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဝိဇ္ဇာလဟကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့တွင် နာယကအဖြစ်ဖြင့် ဦးစီးဆောင်ရွက်တော်မူခြင်းစသည်ဖြင့် သာသနာရေးကိစ္စအဝဝကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။
ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း	-	ဤသို့လျှင် ပရိယတ္တိလုပ်ငန်းနှင့် ပဋိပတ္တိလုပ်ငန်းများကို ဆောင်ရွက်တော်မူလျက်ရှိခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ ခမာဇာဂရိယ စသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၅၃(၁၉၉၁)ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ၁၃၆၅ ခုနှစ်(၂၀၀၄)ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း လှူဒါန်းပူဇော်ခဲ့ပါသည်။
ဘဝနတ်ထံပျံလွန်တော်မူခြင်း	-	ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၁၀၁)နှစ်၊ သိက္ခာတော်(၈၁)ဝါအရ (၁၃၇၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) ၁၂-၅-၂၀၁၁(ကြာသပတေးနေ့) နံနက် ၅ နာရီ ၅၉ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယ ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မေ ၁၃

နိုင်ငံတော်သြဝါဒါစရိယဆရာတော် ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသော သက်တော်(၁၀၁)နှစ် သိက္ခာတော် (၈၁)ဝါရှိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဣန္ဒြိယ ဆရာတော်ကြီးသည် ၁၃၇၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် (၁၂-၅-၂၀၁၁) (ကြာသပတေးနေ့) နံနက် ၅ နာရီ ၅၉ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမစျာပန အခမ်းအနားကို ၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ ရက် (၁-၆-၂၀၁၁)ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားကာကွယ်ဆေးတိုက်နေ့ ရက်သတ္တပတ်အဖြစ် မေ ၁၃ ရက်က နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲ နေပြည်တော်သတင်းစာတိုက်တွင် အသက်(၅)နှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရန် နန်းသြကျေးရွာ ကျန်းမာရေးဌာနမှ တာဝန်ရှိသူများထံ မိခင်များက စာရင်းပေးသွင်းကြစဉ်။ (ကြေးမုံ)

သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ စနစ်တကျထုတ်ယူသုံးစွဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်

နေပြည်တော် မေ ၁၃

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၁ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီတွင် ဝန်ကြီးဌာန ၁၉ ခုမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စုစုပေါင်း ၂၀ ဦးဖြင့် ပါဝင်ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယခင်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများ၊ အောင်မြင်မှုများ၊ ရလဒ်များသည် လက်ရှိကော်မတီအတွက် အခြေခံကောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်မှတ်တမ်းများကိုလေ့လာပြီး လက်တွေ့နယ်ပယ်တွင် ဆောင်ရွက်နိုင်မည့် Strategy Action Plan ရေးဆွဲအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က လူသားများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ လူသားတို့အတွက် လိုအပ်သည့် သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲခြင်း၊ စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်တားဆီးမှုများ စီမံဆောင်ရွက်ထားခြင်းနှင့် လူသားအားလုံးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မိမိတို့၏ မွေးရာပါတာဝန်တစ်ရပ်အဖြစ် ခံယူထိန်းသိမ်းလိုက်နာဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီဝင်များက သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စပ်လျဉ်းသည့် အချက်အလက်များနှင့် အကျိုးသက်ရောက်မှုများအပေါ် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်က သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ အထူးလုပ်ငန်းများအဖွဲ့ငါးဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်ထားမှုတို့ကို အဆိုပြုတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား China CAMC Engineering Co.,Ltd. မှ Vice President Mr. Wang Bo နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်အား ပခုက္ကူတံတားတည်ဆောက်ရေးတွင် အသုံးပြုသော သံပေါင်များပေးသွင်းနေသော China CAMC Engineering Co.,Ltd. မှ Vice President Mr. Wang Bo နှင့်အဖွဲ့ဝင် သုံးဦးတို့သည် မေ ၁၂ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် China CAMC Engineering Co.,Ltd. တို့အကြား တံတားသံပေါင်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟောပြော

ရှမ်းပြည်နယ် (တောင်ပိုင်း) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ သင်တန်းသား၊ သင်တန်းသူများ၊ နည်းပြ ဆရာ၊ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို တောင်ကြီးမြို့ ရှမ်းစာပေနှင့် ယဉ်ကျေးမှုခန်းမ၌ မေ ၄ ရက်တွင် ကျင်းပစဉ်။ (ကြေးမုံ)

ပညာပေး

တိုက်ကြီးမြို့နယ် ဥက္ကံမြို့ဈေး အတွင်းရှိ ဆေးဆိုင်များတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးများနှင့် သက်တမ်းလွန်ဆေးဝါးများ မရောင်းချရေးကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အဖွဲ့အစည်းများက ပညာပေးဆောင်ရွက်စဉ်။ (ကြေးမုံ)

ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မေ ၁၃

နိုင်ငံတော်အတွင်း တည်ထောင်စိုက်ပျိုးလျက်ရှိသော ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် "ပုဂ္ဂလိကသစ်တောစိုက်ခင်းများ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ"ကို မေ ၁၉ ရက်မှ ၂၀ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ စတင်၍ နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၄-၅-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	ဓမ္မပူဇာတေး
၇း၂၅	၄။	မျိုးချစ်တပ်မတော်
၇း၃၀	၅။	မြန်မာ့ရှုခင်း
၇း၄၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၁၀	၁။	နိုင်ငံတော်သီချင်း
၁၁း၁၅	၂။	အဖွင့်သီချင်း
၁၁း၂၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် -ဘော့ဘောကြယ်ပွင့်များ (အပိုင်း-၃)
၁၂း၀၀	၅။	**ရုပ်မြင်သံကြားဇာတ်လမ်း -မိစ္ဆာတစ်ကောင်၏ ဖြောင့်ချက်**
၁း၃၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၆၆)**

ညပိုင်း

၄း၀၇	၁။	နိုင်ငံတော်သီချင်း
၄း၁၃	၂။	အဖွင့်သီချင်း
၄း၁၅	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀	၅။	မြန်မာသံစဉ်
၄း၄၀	၆။	ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၅၀	၇။	ကုန်သွယ်သုတ
၄း၅၅	၈။	အားလုံးရဲ့တာဝန်
၅း၁၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၁၀။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၁၅	၁၃။	လျှပ်တစ်ပြက်
၆း၂၀	၁၄။	စားဖိုဆောင်ချစ်သူ
၆း၄၀	၁၅။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၈)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	နိုင်ငံတကာသတင်း
	၂၀။	မိုးလေဝသသတင်း
	၂၁။	လူရွှင်တော်စတား
	၂၂။	အင်္ဂလိပ်စာသုတ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၉)**
	၂၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅၂)**

တောင်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေ ဆက်လက်ဖြစ်ပေါ်

နေပြည်တော် မေ ၁၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် မေလ၏ပျမ်းမျှ အပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ မကွေးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် သုည ဒသမ ၇၀ လက်မ၊ ပေါင်မြို့တွင် သုည ဒသမ ၆၄ လက်မနှင့် သီပေါမြို့တွင် သုည ဒသမ ၅၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ်ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၁၃

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ယနေ့ ဆက်လက်ကျင်းပရာ ပထမပွဲစဉ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက GATI COAST TO COAST အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းက ကက(လေ)အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားသည်။

မေ ၁၄ ရက် ပထမပွဲစဉ်တွင် SKY WING နှင့် SMART YOUTH၊ ဒုတိယပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် ကက(ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

သိမ်ဖြူ မြက်ခင်းတု ဟော်ကီကွင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ် အသင်းနှင့် GATI COAST TO COAST အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။ (၁၉)

ပြည်တွင်းအားကစားသတင်းများ

ပြည်တွင်းအားကစားသတင်းများ

အိမ်ရှင်ရတနာပုံအသင်း ဂိုးဒါဇင်ဝက်သွင်း၍ ပွဲဦးထွက်အနိုင်ရ

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၁ ခုနှစ် AFC President's Cup ဘောလုံးပြိုင်ပွဲအုပ်စု(ခ) ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲမှစ၍ သုဝဏ္ဏကွင်း၌ စတင်ကျင်းပရာ ပထမပွဲစဉ်တွင် အိမ်ရှင်ရတနာပုံအသင်းက ယက်ဒ်ဇင် (ဘူလ်တန်)ကို ခြောက်ဂိုး-ဂိုးမရှိ၊ ဒုတိယပွဲစဉ်တွင် အစ်တီလိုလ် (တာဂျစ်ကစ္စတန်)က မူကာဘာ(ပါလက်စတိုင်း)ကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် အသီးသီး အနိုင်ရရှိသွားသည်။

(ပထမပွဲ)

ရတနာပုံအသင်း-ခြောက်ဂိုး
(ပိုင်စိုး-သုံးဂိုး၊ရန်ပိုင်-နှစ်ဂိုး၊ကိုနေး-တစ်ဂိုး)
ယက်ဒ်ဇင်အသင်း-ဂိုးမရှိ

လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ ပွဲဦးထွက်ပွဲတွင် ဘူလ်တန်ကလပ် ယက်ဒ်ဇင်အသင်းကို ဂိုးဒါဇင်ဝက်သွင်းယူပြီး သုံးမှတ်အပြည့်ရရှိသွားသည်။ လက်ရှိကျင်းပဆဲ MNL အမှတ်ပေးပြိုင်ပွဲနှင့် ယခုပြိုင်ပွဲအတွက် အကြိုခြေစမ်းပွဲများတွင် နိုင်ပွဲပျောက်ဆုံးနေသည့် ရတနာပုံအသင်းမှာ နိုင်ပွဲစတင်ရရှိရေးအတွက် ရန်ပိုင်၊ ခင်မောင်ထွန်း၊ ပိုင်စိုး၊ ကျော်ခိုင်ဝင်း၊ ဂျီနွန်ဆီယန်တို့နှင့် လူစုံထုတ်ကာ ကစားခဲ့သည်။

လူငယ်ကစားသမား အများစုကို အခြေခံလာပြီး ဘူလ်တန်လက်ရွေးစင်လေးဦး၊ လူငယ်လက်ရွေးစင်လေးဦး ပါဝင်လာသည့် ယက်ဒ်ဇင်အသင်းမှာ ရတနာပုံအသင်းကို မယှဉ်နိုင်ခဲ့ပေ။ မြန်မာနိုင်ငံရာသီဥတုနှင့် ကွာခြားမှုရှိ၍လည်း ယက်ဒ်ဇင်အသင်းမှာ အကောင်းဆုံးပုံစံမရဘဲ ပထမပိုင်းတစ်ပိုင်းလုံး ခံစစ်၌သာ အချိန်ကုန်ခဲ့ရသည်။

ပွဲအစသုံးမိနစ်တွင် ရန်ပိုင်က ဦးဆောင်ဂိုး သွင်းယူခဲ့ပြီးနောက်ပိုင်း ရတနာပုံအသင်းက ပွဲကိုစိုးမိုးသွားခဲ့သည်။ ရတနာပုံတိုက်စစ်တွင် ရန်ပိုင်နှင့် အတွဲညီစွာ ကစားနေသည့် ပိုင်စိုးက ၁၁ မိနစ်နှင့် ၁၅ မိနစ်တို့တွင် နှစ်ဂိုးထပ်မံ

ရတနာပုံတိုက်စစ်မှူး ရန်ပိုင် ယက်ဒ်ဇင်နောက်ခံလူများနှင့် ဂိုးသမားတို့ကို ကျော်ဖြတ်၍ ဆဋ္ဌမဂိုး သွင်းယူစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းကစားခဲ့ပြီး ၃၅ မိနစ်တွင် ပိုင်စိုးက စတုတ္ထဂိုး(သူ၏ ဟက်ထရစ်ဂိုး)နှင့် မိနစ် ၄၀ တွင် ကိုနေးက ပဉ္စမဂိုးတို့ကို သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်းက အသင်းခေါင်းဆောင် ခင်မောင်ထွန်းနှင့် ကွင်းလယ်လူ ကိုနေးတို့ကို အနားပေးခဲ့ပြီး လူငယ်ကစားသမားများကို အသုံးပြုခဲ့သည်။ ရတနာပုံအတွက် ဆဋ္ဌမဂိုးကို ၄၉ မိနစ်တွင် တိုက်စစ်မှူးရန်ပိုင်က ယက်ဒ်ဇင်ဂိုးသမားနှင့် နောက်ခံလူကို ကျော်ဖြတ်ကာ သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းမှာ ယနေ့ပွဲ ဂိုးပြတ်အနိုင်ရရှိခဲ့သော်လည်း အကောင်းဆုံးခြေစွမ်းမျိုး မရရှိသေးဘဲ အုပ်စုတက်ရန် လက်ကျန်နှစ်ပွဲမှာ အရေးကြီးလျက်ရှိရာ ပိုမိုခြေစွမ်းပြကစားနိုင်ရန် လိုအပ်နေပေသည်။

(ဒုတိယပွဲ)

အစ်တီလိုလ်(တာဂျစ်ကစ္စတန်)-နှစ်ဂိုး
မူကာဘာ(ပါလက်စတိုင်း)-ဂိုးမရှိ

နှစ်သင်းစလုံးတွင် လက်ရွေးစင်ကစားသမားများ ပါဝင်လာသလို ခြေညီသည့် အသင်းများဖြစ်၍ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ AFC Challenge Cup ခြေစစ်ပွဲတွင် မြန်မာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိစဉ်က ခြေစွမ်းပြခဲ့သည့် ပါလက်စတိုင်းလက်ရွေးစင်အစ်မေးလ် ဦးဆောင်လာသည့် မူကာဘာအသင်းမှာ ပွဲဦးထွက် အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ အစ်တီလိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၅၇ မိနစ်တွင် ဖက်ကူလိုနှင့် ၈၉ မိနစ်တွင် ရာဘီဇော့မ်တို့က သွင်းယူပေးခဲ့သည်။

၁၅-၅-၂၀၁၁

ညနေ ၃ နာရီခွဲ
(သုဝဏ္ဏကွင်း)

အစ်တီလိုလ်(တာဂျစ်ကစ္စတန်)-
ယက်ဒ်ဇင်(ဘူလ်တန်)

ညနေ ၆ နာရီ
မူကာဘာ(ပါလက်စတိုင်း)-
ရတနာပုံ(မြန်မာ)

နိုင်ငံတကာအားကစားသတင်းများ

မန်စီးတီးနှင့် စတုတ်စီးတီး အက်ဖ်အေဖလားဗိုလ်လုမည်

ဟန်သစ်

၁၄-၅-၂၀၁၁(စနေနေ့)
ည ၈း၃၀ နာရီ(ဝင်ဘလေကွင်း)

အက်ဖ်အေဖလား နောက်ဆုံးဗိုလ်လုပွဲကို မေ ၁၄ ရက် (ယနေ့ည) ၈း၃၀ နာရီတွင် ဝင်ဘလေကွင်း၌ မန်စီးတီးအသင်းနှင့် စတုတ်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မန်စီနီ၏ မန်စီးတီးအသင်းသည် ပဉ္စမအဆင့်တွင် ဗီလာကို သုံးဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ရီဒင်းကို တစ်ဂိုး-ဂိုးမရှိနှင့် ဆီမီးဖိုင်နယ်တွင် မန်ယူကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရကာ ယခုဗိုလ်လုပွဲသို့ တက်လာနိုင်ခဲ့ခြင်းဖြစ်သည်။ စတုတ်စီးတီးကမူ ပဉ္စမအဆင့်တွင် ဘရိုက်တန်ကို သုံးဂိုး-ဂိုးမရှိ၊ ကွာတားဖိုင်နယ်တွင် ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးနှင့် ဆီမီးဖိုင်နယ်တွင် ဘော်လ်တန်ကို ငါးဂိုးပြတ် အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲ တက်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် နှစ်သင်းလုံး ရစ်သမ်မှန်နေပြီး ပရီမီယာလိဂ်ပွဲစဉ် (၃၆)အပြီးတွင် မန်စီးတီးက အဆင့်(၄) နေရာကို အခိုင်အမာရယူကာ ချန်ပီယံလိဂ်ဝင်ခွင့် ရထားပြီးဖြစ်သည်။ စတုတ်စီးတီးကမူ အဆင့်(၈)တွင် ရပ်တည်နေပြီး ရလဒ်ပိုင်း ကောင်းမွန်နေသည်။ မန်စီးတီးတိုက်စစ်တွင် အသင်းခေါင်းဆောင် တီဗက်ဇ် **(ယာပုံ)** ပြန်လည်ပါဝင်လာမည်ဖြစ်ကာ ကွင်းလယ်တွင် မေလ်နာ၊ ဒေးဗစ်ဆေးလ်ဗား၊ ဒီဂျုန်း၊ ဂွန်ဆင်၊ ယာယာတိုရေးတို့နှင့် လူစုံနေသည်။ ထို့အတူ စတုတ်စီးတီးအသင်းတွင်လည်း ကင်ဝိန်ဂျုန်းစ်၊ အက်သရင်တန်၊ ဂွန်နသန်ဝယ်လ်သာ၊ ရောဘတ်ဟုသ်၊ ဒီလက်၊ ပီနန့်တို့ဖြင့် လူစုံကာစုဖွဲ့မှု အကောင်းဆုံးအချိန်ဖြစ်သည်။ ကစားသမားပိုင်းတွင် မန်စီးတီးက အားသာမှုရှိသော်လည်း စတုတ်စီးတီးက လျင်မြန်မှုကို အားပြုသလို ကြိုးစားအားထုတ်မှုကလည်း ကောင်းလှသည်။ ထို့ပြင် စတုတ်စီးတီး ကွင်းလယ်ကစားသမား ဒီလက်၏ တိကျသေသပ်လှသည့် လက်ပစ်ဘောများကို မန်စီးတီးနောက်တန်း သတိထားရမည်ဖြစ်သည်။ ပရီမီယာလိဂ်တွင် လေးပွဲဆက်တိုက်ရှုံးပွဲမရှိအောင် ကစားနိုင်သည့် စတုတ်စီးတီးအနေဖြင့် မန်စီးတီးကို ခံစစ်အသွင်ဖြင့် မကစားဘဲ သူတင်ကိုယ်တင် တိုက်စစ်ဆင်လာမည်ဖြစ်သည်။

သို့သော် မန်စီးတီးက စတုတ်စီးတီးထက် အစစအရာရာအားသာမှု ရှိနေသကဲ့သို့ မန်စီးတီးအသင်း၏ ၃၅ နှစ်ကြာ ဆုဖလားလက်မဲ့ဖြစ်နေမှုကို နည်းပြမန်စီနီက အဆုံးသတ်ပေးနိုင်အောင် ကြိုးစားလာမည်ဖြစ်သည်။ ထို့ကြောင့် ယခုပွဲတွင် မန်စီးတီးကသာ မိနစ် ၉၀ အတွင်း အနိုင်ရလဒ်ကို ပုံဖော်ပြီး အက်ဖ်အေဖလား ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်ပါကြောင်း။ ။



ကင်နီဒဲလ်ဂလက်ချ် လီဗာပူးနှင့် သုံးနှစ်စာချုပ် ချုပ်ဆို

လီဗာပူး မေ ၁၃

လက်ရှိလီဗာပူးအသင်း၏ ယာယီနည်းပြဖြစ်သူ ကင်နီဒဲလ်ဂလက်ချ်သည် တရားဝင်နည်းပြအဖြစ် အသင်းနှင့် သုံးနှစ်စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

ကင်နီဒဲလ်ဂလက်ချ်သည် ပြီးခဲ့သည့် ဇန်နဝါရီလက နည်းပြရွိုင်းဟော့ဒ်ဆန်၏ နေရာကို အစားထိုးဝင်ရောက်လာသူဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်း၏ တန်းဆင်းဇုန်နားရောက်လုလုအခြေအနေကို ကင်နီဒဲလ်ဂလက်ချ်က ပြန်လည်ကုစားပေးနိုင်ခဲ့သည်။ အသင်းပိုင်ရှင် ဂျွန်ဟင်နရီလက်ထက်တွင် ကင်နီဒဲလ်ဂလက်ချ်သည် ကစားသမားများ ဒဏ်ရာပြဿနာများ ကြုံတွေ့နေရသည့်ကြားမှပင် အသင်းကို တည့်မတ်ပေးကာ ယခုနောက်ပိုင်း ပွဲစဉ်များတွင် ရလဒ်များကောင်းမွန်လာပြီး အဆင့်(၅)တွင် ရပ်တည်လာနိုင်သည်အထိ စွမ်းဆောင်ပေးထားသည်။

လေးလတာ လီဗာပူးအသင်း၏ ယာယီနည်းပြဘဝဖြင့် ဖြတ်သန်းခဲ့ရသည့် ကင်နီဒဲလ်ဂလက်ချ်သည် လီဗာပူးအသင်းကို အမြဲတမ်းနည်းပြအဖြစ် စာချုပ်ချုပ်ဆိုကိုင်တွယ်လိုသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ယခုတွင်မူ ၎င်း၏ဆန္ဒများ ပြည့်ဝခဲ့ပြီဖြစ်သည်။ သို့သော် လာမည့်နှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းအနေဖြင့် ကစားသမားအပြောင်းအလဲအမြောက်အမြား ပြုလုပ်ရန်ရှိနေပြီး ယင်းကစားသမား အပြောင်းအရွှေ့ကိစ္စတွင် အသင်း၏တရားဝင်နည်းပြ ဖြစ်လာသည့် ကင်နီဒဲလ်ဂလက်ချ်အနေဖြင့် လုပ်ပိုင်ခွင့် အပြည့်အဝ ရမည်လားဆိုသည်ကိုဖြင့် စောင့်ကြည့်ရဦးမည်ဖြစ်သည်။

အင်တာနက်။

အင်္ဂလန်အသင်း ရောဘတ်ဂရင်းကို ထပ်မံ လက်လွှတ်ရဖွယ်ရှိ

လန်ဒန် မေ ၁၃

ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ဂိုးသမား ရောဘတ်ဂရင်းက မိမိအနေဖြင့် နိုင်ငံလက်ရွေးစင်အသင်းမှ မကြာမီ အနားယူတော့မည်ဟု အရိပ်အမြွက်စကားဆိုလာခြင်းကြောင့် အင်္ဂလန်အသင်းသည် ဘင်ဖော်စတာပြီးနောက် ရောဘတ်ဂရင်းကိုလည်း ထပ်မံလက်လွှတ်ရဖွယ်ရှိနေသည်။

အသက်(၃၁)နှစ်ရှိ ရောဘတ်ဂရင်းသည် ယမန်နေ့က ဘာမင်ဂမ် ဂိုးသမား ဘင်ဖော်စတာ အင်္ဂလန်နိုင်ငံ လက်ရွေးစင်ဘဝမှ အနားယူပြီဟု ထုတ်ဖော်ပြောကြားအပြီးတွင် မိမိသည်လည်း ဘင်ဖော်စတာနောက်ကို လိုက်တော့မည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ ရောဘတ်ဂရင်းအနေဖြင့် မန်စီးတီးအသင်း ဂိုးသမား ဂျိုးဟတ်၏ အင်္ဂလန်အသင်းတွင် ပထမဂိုးသမားနေရာရနေခြင်းကို ကျော်ဖြတ်ရန် မလွယ်ကူလှပေ။ အင်္ဂလန်အသင်း၌ ဘင်ဖော်စတာ အနားယူသွားပြီးနောက်တွင် ယခု ရောဘတ်ဂရင်းသည်လည်း ထပ်မံအနားယူမည်ဆိုပါက နည်းပြဖေဘီယိုကာပယ်လိုအတွက် အခက်တွေ့ဖွယ်ရာ ရှိနေသည်။

အင်တာနက်။

နိုင်ငံတကာ အနုပညာရပ်ဝန်း

အရောင်းမြှင့်တင်ရေးသံတမန်ဖြစ်သွားသည့် ကိုရီးယားမင်းသမီး ပက်ခ်ဘိုယန်

ကိုရီးယားမင်းသမီးပက်ခ်ဘိုယန်ကို (၁၅)ကြိမ်မြောက် Puchon နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ အရောင်းမြှင့်တင်ရေးသံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း ရုပ်ရှင်ပွဲတော်ကျင်းပရေးတာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အရောင်းမြှင့်တင်ရေးသံတမန်အဖြစ် ခန့်အပ်ခြင်းခံရသော မင်းသမီး ပက်ခ်ဘိုယန်သည် သူမ၏ တာဝန်များကို လာမည့် ဇွန် ၁၄ ရက်မှစတင်၍ Puchon နိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားနှင့် ပွဲတော်ကျင်းပမည့် ဇူလိုင် ၁၄ ရက်မှ ၂၄ ရက်အထိ အရောင်းမြှင့်တင်ရေးတာဝန်များကို ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ပက်ခ်ဘိုယန်သည် အရောင်းမြှင့်တင်ရေးသံတမန်အဖြစ် သူမ လုပ်ဆောင်ရမည့် အခန်းကဏ္ဍတွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း Puchon နိုင်ငံတကာရုပ်ရှင်ပွဲတော်ကျင်းပရေးဥက္ကဋ္ဌ ကင်ယန်ဘင်းက ပြောကြားသည်။

Puchon နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ အရောင်းမြှင့်တင်ရေးသံတမန်အဖြစ် အထူးကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့လုပ်ဆောင်ခွင့် ရရှိခြင်းသည် မိမိ၏ ပရိသတ်များကို သရုပ်ဆောင်တစ်ယောက်မဟုတ်သည့် စရိုက်လက္ခဏာဖြင့် ပြသခွင့်ရရှိမည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ပက်ခ်ဘိုယန်က ဆိုသည်။

သူမသည် ၁၉၉၆ ခုနှစ်က ရုပ်သံဇာတ်လမ်းတွဲ Secret Campus ဇာတ်ကားတွင် မင်းသားလီမင်ဟိုနှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည့်ဇာတ်ကားဖြင့် အနုပညာလောကသို့ ရောက်ရှိလာသူဖြစ်ပြီး ၂၀၀၈ ခုနှစ်က Speed Scandal ဇာတ်ကားသည်လည်း ပရိသတ်များ အထူးကြိုက်နှစ်သက်သည့် ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။

ပက်ခ်ဘိုယန်သည် ယခုအခါ Unidentified Video အမည်ရှိဇာတ်ကားကို မင်းသားဂျိုဝန်နှင့် တွဲဖက်ရိုက်ကူးလျက်ရှိပြီး ဇူလိုင်လတွင် ထွက်ရှိလာမည်ဖြစ်သည်။ ***အင်တာနက်။***

အေဝမ်းစိုး

ပညာဂုဏ်ရောင် အလင်းဆောင်

ပညာဂုဏ်ရောင် အလင်းဆောင်

မေတ္တာကမ္ဘာ စာကြည့်တိုက်အဆောက်အအုံဖွင့်

ပခုက္ကူ မေ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် သနပ်ပင်ကုန်းအုပ်စု ချောင်းဦးတိုကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်သည့် မေတ္တာကမ္ဘာစာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် ညနေ ၃ နာရီက ယင်းစာကြည့်တိုက်၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်ခဲ့သော စာကြည့်တိုက် အဆောက်အအုံမှာ ၂၄ ပေ × ၁၄ ပေရှိ သွပ်မိုး၊ အုတ်ကာ၊ အုတ်ခင်းဖြစ်သည်။ ၎င်းနောက် စာအုပ်နှင့် ငွေပဒေသာပင် လှူဒါန်းပွဲကို ဆက်လက်ကျင်းပကြောင်း သိရသည်။

(၅၇၁)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ဟိုပုံး မေ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု ပုလဲတင့်ကျေးရွာ နေလရောင်ခြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်၌ ကျင်းပသည်။

စာကြည့်တိုက်အဆောက်အအုံသစ်အား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ အတွင်းရေးမှူး(လက်ထောက်ညွှန်ကြားရေးမှူး) ဦးတိုးလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွဋ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကား ပြောကြားပြီး တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စိုးစိုးထွန်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ခင်မာဝေက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ် ဖွံ့ဖြိုးမှုစင်တာစာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၁၃

ထွန်းဖောင်ဒေးရှင်း မြန်မာ့အရင်းအမြစ်ဖွံ့ဖြိုးမှုစင်တာ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါ စာကြည့်တိုက်တည်ရှိရာ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဦးဝိစာရလမ်း အမှတ်(၂၂၄-ဘီ) ၌ ကျင်းပသည်။

စာကြည့်တိုက်တွင် စာအုပ်များကို အခန်း ကိုးခန်းခွဲကာ မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ သုတရသစာအုပ်များ၊ ဟံသာဝတီတိုက်ထုတ်စာအုပ်များ၊ ထွန်းဖောင်ဒေးရှင်း စာပေထုတ်စာအုပ်များ၊ ရည်ညွှန်းစာအုပ်များ၊ ကလေးစာပေများ၊ လူမှုရေးသိပ္ပံ၊ နည်းပညာ၊ အနုပညာ၊ ဘာသာစကား၊ စာပေ၊ ဘာသာရေး စသည့် စာအုပ်များနှင့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ စုစုပေါင်း ၃၂၇၂၈အုပ် ဖြည့်တင်းထားသည်။

အဆိုပါ စာကြည့်တိုက်ကို စာပေမြတ်နိုးသူမည်သူမဆို တနင်္ဂနွေနေ့မှအပ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီ အထိ၊ စနေနေ့တွင် နံနက် ၉ နာရီခွဲမှ နံနက် ၁၁ နာရီအထိ လာရောက်ဖတ်ရှုလေ့လာ အသုံးပြုနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ဥပဒေနှင့်အညီဆုံးဖြတ်၊ မှန်မှန်နှင့်မြန်မြန်စီရင်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရန် အမြဲကျင့်ကြံလုပ်ဆောင်

နေပြည်တော် မေ ၁၃

နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲတွင် ကျင်းပသော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားရေးဦးစီးမှူးများ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားသူကြီးများ၊ တရားရေးဝန်ထမ်းများအနေဖြင့် တရားဥပဒေစိုးမိုးရေးအတွက် အမြဲလုပ်ဆောင်နေရန် လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် တရားစီရင်ရေးမူများအတိုင်း ရပ်တည်လုပ်ဆောင်ရန် လိုကြောင်း၊ ထို့အပြင် ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်း၊ မှန်မှန်နှင့်မြန်မြန် စီရင်ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်း၊ လာဘ်ပေးလာဘ်ယူ ကင်းရှင်းခြင်း၊ ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းတို့ဖြင့် တရားရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရန် အမြဲကျင့်ကြံ လုပ်ဆောင်သွားရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ယနေ့ သတင်းအညွှန်း ယနေ့ သတင်းအညွှန်း

တာလီဘန်များဟု ယူဆရသူများ၏ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ပါကစ္စတန်၌ လူ ၈၀ သေဆုံး

(သတင်း) စာမျက်နှာ - ၄

မန်စီးတီးနှင့် စတုတ်စီးတီး အက်ဖ်အေဖလား ဗိုလ်လုမည်

(သတင်း) စာမျက်နှာ - ၁၀



အိမ်ရှင် ရတနာပုံအသင်း ဂိုးဒါဇင်ဝက်သွင်း၍ ပွဲဦးထွက်အနိုင်ရ

(သတင်း) စာမျက်နှာ - ၁၀

အင်တာနက်နည်းပညာသတင်း

ကနေဒါ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော စက္ကူကွန်ပျူတာကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

စက္ကူတမျှပါးလွှာသည့် စက္ကူကွန်ပျူတာ ကနေဒါ သုတေသီများ တီထွင်ထုတ်လုပ်

ကင်းစတန် မေ ၁၃

ကနေဒါနိုင်ငံမှ သိပ္ပံပညာရှင်များသည် စက္ကူကွန်ပျူတာ (Paper Computer)ဟု အမည်ပေးထားသော စက္ကူတမျှ အလွန်ပါးလွှာသည့် ကွန်ပျူတာတစ်မျိုးကို တီထွင်ထုတ်လုပ်ထားပြီဖြစ်သည်။

အသုံးပြုသူ၏ ညွှန်ကြားချက်ကို တုံ့ပြန်ဆောင်ရွက်ပေးနိုင်သော အဆိုပါကွန်ပျူတာသည် သေးငယ်သော စက္ကူရွက်တစ်ရွက်၏ ပုံပန်းသဏ္ဌာန်ကို ဖော်ကျူးသည်။

စက္ကူကွန်ပျူတာကို ကနေဒါနိုင်ငံရှိ ထိပ်တန်းတက္ကသိုလ်ဖြစ်သော ကွင်းတက္ကသိုလ်မှ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

ဘာသာပြန် - စံစံ